မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၈၉)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

၂၀၁၃ ခုနှစ်၊ ဧပြီ ၇ရက်၊ တနင်္ဂနွေနေ့။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ်ဆက်လက်ထစ်ချုန်းရွာနိုင်သည်။

တိမ်အသင့်အတင့်

၇-၄-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုပါ စောင့်ရှောက်သည့် တာဝန်သိ ရင်းနှီးမြှုပ်နှံသူများအဖြစ် တရုတ်စီးပွားရေးကုမ္ပဏီများအပေါ် ယုံကြည်လာအောင်ပြုလုပ်သွားမည်ဟု ယုံကြည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ တရုတ်နိုင်ငံ စန်းယမြို့ရှိ Sheraton ဟိုတယ်အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် ဧပြီ ၅ ရက် ညနေ ၆ နာရီ ၁၀ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းယမြို့ရှိ Sheraton ဟိုတယ်အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးသန်းဌေး၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ သံအမတ်ကြီး ဦးတင်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့်အတူ ကွန်မြူနစ်ပါတီဗဟိုကော်မတီနိုင်ငံရေးဗျူရို အဖွဲ့ဝင်နှင့်ပါတီမူဝါဒရေးရာသုတေသနဌာနအကြီးအကဲ Mr. Wang Huning၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ပါတီအုပ်ချုပ်ရေးဌာနအကြီးအကဲ Mr. Li Zhan Shu၊ နိုင်ငံတော်ကောင်စီဝင် မစ္စတာ ယန်ကျဲချီ၊ နိုင်ငံခြားရေးဝန်ကြီး Mr.Wang Yi၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်ဝန်ကြီး Mr. Xu Shao Shi၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး MR. Gao Hu Cheng၊ ဟိုင်နန်ပြည်နယ်ပါတီအထွေထွေ အတွင်းရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ အာရှဒေသဆိုင်ရာ တရုတ်နိုင်ငံ၏ အထူးကိုယ်စားလှယ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက အဆွေတော်သမ္မတအနေဖြင့် မိမိတို့နိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မှုအပေါ် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့အနေဖြင့် *စာမျက်နှာ ၃ ကော်လံ ၁* ❒

ယနေ့ မာတိကာ

နေရာသီအပူရှိန်နှင့်အတူ အထူးသတိပြုကြရမည်မှာ မီးဘေးအန္တရာယ်ဖြစ် (ခေါင်းကြီး) စာ - ၂

ဒုလ္လဘရဟန်းခံရှင်ပြုနှင့်သတိပြုစရာ သင်တုန်းစား စာ - ၆

ရန်ကုန်မြို့တော်သင်္ကြန် ကသိုလ်ယူဖွယ်နှင့် ပျော်ရွှင်ဖွယ်များ စာ - ၁၂

ရီးရဲမက်ဒရစ်တို့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ တက်နိုင်မလား စာ -၁၄

ခွဲခြားဆက်ဆံခြင်း၊ အနိုင်အထက်ပြုမူခြင်း၊ တရားဥပဒေမဲ့ပြုခြင်းများကြောင့် မကြာသေးခင်က ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များ၊ လုပ်ရပ်များကို လွှတ်တော်များက လက်မခံ ရှုတ်ချ

သတင်းစာမျက်နှာ ➤ ၈

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်ကာလ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ သင်္ဘောကုန်တင် ကုန်ချလုပ်ငန်းများ လျင်မြန်ချောမွေ့ရေးညှိနှိုင်း

သတင်းစာမျက်နှာ ➤ ၇

သဘာဝရေပြင်၌ ငါးဖမ်းဆီးမှုနည်းပါးလာ၍ မွေးမြူရေးငါးများ ဈေးကောင်းလာ

သတင်း
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ယခုအပတ်အတွင်း၌ ငါးတစ်ပိဿာလျှင် ပျမ်းမျှဈေးငွေ ၂၅ ကျပ်နှုန်းမျှမြင့်တက်လာကြောင်း သားငါးလုပ်ငန်းရှင်များပုံမှန်တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ ဘဏ္ဍာရေးမှူးဒေါက်တာတိုးနန္ဒာတင်က ထည့်သွင်းပြောကြားခဲ့သည်။

အကြောင်းအရင်းခံမှာ သဘာဝရေပြင်များ၌ ငါးဖမ်းရရှိမှုများ တဖြည်းဖြည်းနည်းပါးလာခြင်း၊ မွေးမြူရေးအစာ ဈေးမြင့်တက်လာခြင်းများပေါ်မူတည်၍ မွေးမြူရေးငါးမှာ ဈေးတက်လာရခြင်းဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲမှ ကြားသိလာရသည်။

ဖြစ်လေ့ဖြစ်ထရှိသည့် သဘောသဘာဝအတိုင်း ဝယ်လိုအားကို ရောင်းအားက လိုက်မမီခြင်းအကျိုးဆက်တစ်ခုလည်းဖြစ်ပေသည်။ ထို့အပြင်မွေးမြူရေးသမားများ အများစုမှာ အရှုံးနှင့် ရင်ဆိုင်နေရကြောင်းကို ကန်ငါးမွေးမြူသူအချို့က ဆိုကြသည်။

ဈေးတက်ရခြင်း အကြောင်းအခြင်းအရာ နောက်တစ်ချက်မှာ ကန်များ၌ငါးများအသေများလာခြင်းပင်ဖြစ်သည်။ "အကောင်သေးမှ သေတာမဟုတ်တော့ဘူး၊ နှစ်ပိဿာ ၅၀ သားလောက်ရှိတဲ့အကောင်တွေ ပါသေနေကြတယ်၊ တစ်နေ့အကောင် ၁၀၀ နီးပါးတော့ရှိတယ်" ဟု တွံတေး *စာမျက်နှာ ၈ ကော်လံ ၁* ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လျှပ်စစ်မီးကို သတိပြုပါ

နွေအပူရှိန်တို့မြင့်မားလာပြီ။ နွေရာသီအပူရှိန်နှင့်အတူ အထူး သတိပြုကြရမည်မှာ မီးဘေးအန္တရာယ်ဖြစ်သည်။

မီးလောင်မှုများကို သုံးသပ်ကြည့်လျှင် ပေါ့ဆမီး၊ သဘာဝ မီးဟူ၍ ယေဘုယျခွဲခြားနိုင်သည်။ ပေါ့ဆမီးတွင် လျှပ်စစ်မီး၊ ဆေးလိပ်မီး၊ လောင်စာများကို ပေါ့ဆစွာအသုံးပြုရာမှလောင်သော မီးကြွင်းမီးကျန်မီး စသည်တို့ပါဝင်ပြီး သဘာဝမီးတွင် ရာသီဥတု ကြောင့် သစ်ပင်သစ်ကိုင်းချင်း ပွတ်တိုက်ရာမှ လောင်သော မီး၊ အပူဒဏ်လွန်ကဲသဖြင့် လောင်ကျွမ်းသောတောမီး စသည်တို့ ပါဝင်ကြသည်။

ယခုအခါ မီးလောင်ကျွမ်းမှုများတွင် ပေါ့ဆမီးကြောင့် လောင်ကျွမ်းသောမီးသည် အများဆုံးဖြစ်သည်။ ယခင်က မီးကြွင်းမီးကျန်မှလောင်သော မီးလောင်မှုသည် အများဆုံး ဖြစ်သဖြင့် ရပ်ကွက်၊ ကျေးရွာများတွင် ယခုအခါ မီးဘေး ကာကွယ်ရေးအတွက် အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ရာ၌ "ရပ်ကွက်၊ ကျေးရွာအတွင်းရှိ လုပ်သားပြည်သူများခင်ဗျား နွေရာသီရောက်လာပြီဖြစ်ပါ၍ မီးဘေးကာကွယ်ရေးအတွက် မီးကြွင်းမီးကျန်များကို စနစ်တကျငြိမ်းသတ်ပြီးမှ အိပ်စက် ကြပါရန် နှိုးဆော်အပ်ပါသည်"ဟု ထည့်သွင်းနှိုးဆော် လေ့ရှိကြသည်။

ယခုအခါ မြို့ပြများတွင် လျှပ်စစ်ပစ္စည်းအသုံးအဆောင် များကို သုံးစွဲမှုများပြားလာသည့်အပြင် ထမင်း၊ ဟင်းချက်ပြုတ်ရာ တွင်လည်း ယခင်ကကဲ့သို့ မီးသွေး၊ ထင်းတို့ဖြင့်မချက်ပြုတ်တော့ဘဲ လျှပ်စစ်ကို အသုံးပြုလာခဲ့ကြသဖြင့် "လျှပ်စစ်မီးကို စနစ်တကျ စစ်ဆေးပြီးမှ အိပ်စက်ကြပါရန်"ဟု ထည့်သွင်းနှိုးဆော်ကြရ တော့မည်ဖြစ်သည်။

လျှပ်စစ်မီးကို မြို့ပြများတွင် အိမ်တိုင်းလိုလို အသုံးပြုနိုင် ကြပြီဖြစ်ရာ နေအိမ်အများစုတွင် မီးအားကောင်းရန် မီးအားမြှင့် စက်များကို အသုံးပြုလာခဲ့ကြသည်။ မီးအားမြှင့်စက်များတွင် အလိုအလျောက် မီးတင်မီးချစက် (Auto) များရှိသကဲ့သို့ အချို့ မီးအားမြှင့်စက်များသည် မီးအနိမ့်အမြင့်ကို လူကစောင့်ကြည့်ပြီး အတင်အချပြုလုပ်ရသည့် မီးအားမြှင့်စက်(Manual) များလည်း ရှိကြသည်။ မည်သည့်မီးအားမြှင့်စက်ဖြစ်စေ အသုံးပြုမှု ကြာမြင့် လာသောအခါ ကြံ့ခိုင်မှုအားနည်းချက်များ၊ ပျက်စီးယိုယွင်းမှုများ ရှိလာမည်မှာ သဘာဝပင်ဖြစ်သည်။ ထို့ကြောင့် အဆိုပါ အား နည်းချက်များ၊ ယိုယွင်းမှုများကို စစ်ဆေးပြီးလိုအပ်သလို ပြုပြင် လဲလှယ်ခြင်းကို ပြုလုပ်သင့်ပေသည်။

ဤမျှမက လျှပ်စစ်မီးအသုံးပြုသူများအနေဖြင့် မိမိတို့ အိမ်တွင် အသုံးပြုသော မီးဖို(Hot Plate)များ၊ မီးဖြတ်စက်(Safe Guard)များ စသည်တို့ကို အစဉ်အမြဲစောင့်ကြည့်စစ်ဆေးနေရမည် ဖြစ်သည့်အပြင် လျှပ်စစ်မီးကြောင့် မီးဘေးအန္တရာယ်ဖြစ်ပွားမှု မရှိစေရန် မိမိအိမ်မှ ပြင်ပသို့ထွက်ခွာသည့်အခါတိုင်း အိမ်ကို သော့မခတ်မီ တစ်အိမ်လုံးလျှပ်စစ်မီးကို လျှပ်စစ်မိန်း (Electronic Main) ချပိတ်ပြီးမှ သတိပြုထွက်ခွာသင့်ကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။

ပြည်တွင်းသတင်း

စင်ကာပူနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ရန်ကုန်မြို့ပြအိမ်ရာစီမံကိန်းများ ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့်စင်ကာပူသမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး H.E. Mr. Khaw Boon Wan တို့သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဧပြီ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ကနောင်ခန်းမ၌ တွေ့ဆုံကြပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆောင်ရွက်နေသော မြို့ပြနှင့်အိမ်ရာစီမံကိန်းများနှင့် Star City အိမ်ရာစီမံကိန်းများကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာမခံပညာရပ်ပြန့်ပွားရေး မူဝါဒဆိုင်ရာညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၆

အာမခံ ကုမ္ပဏီများအနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာ ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာသည့် အားလျော်စွာ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများ ဝင်ရောက်လာသဖြင့် ပြည်တွင်း အာမခံကုမ္ပဏီများအနေဖြင့် အထူး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အာမခံနှင့် ပတ်သက်သည့် ဟောပြောပွဲများ၊ TV Programme များ စီစဉ်၍ ပြည်သူလူထုအတွင်း အာမခံနှင့်ပတ်သက်သည့် အသိပညာများ ဖြန့်ဝေနိုင်ရေး ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ မိမိတို့ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ နည်းပညာများ အဆင့်မြှင့်တင်နိုင်ရေး ကြိုးစားကြစေလိုကြောင်း၊ ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် မလျှော့သောဇွဲဖြင့် နောက်မဆုတ်တမ်း ကြိုးစားဆောင်ရွက်ကြရန်၊ အချင်းချင်းပူးပေါင်း၍ အောင်မြင်အောင် ဆောင်ရွက်စေလိုပါကြောင်း၊ အာမခံထားလျှင် အကျိုးရှိစေနိုင်မည်ဟူသော အသိစိတ်ဓာတ်များ ပြည်သူလူထုအတွင်း ပြန့်ပွားရန် လိုအပ်ပါကြောင်းဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ဧပြီ ၃ ရက် မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ရန်ကုန်မြို့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် အာမခံပညာရပ်ပြန့်ပွားရေး မူဝါဒဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက အာမခံကုမ္ပဏီ ၁၂ ခု သတ်မှတ်ကာလအတွင်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပြီးစီးမှု၊ စီမံထားရှိမှုနှင့် အာမခံပညာ ပြန့်ပွားရေးအတွက် အကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက မြန်မာ့အာမခံအသင်း ဖွဲ့စည်းနိုင်ရေး၊ Deposit Insurance လုပ်ငန်းကို ငွေရေးကြေးရေး အဖွဲ့အစည်းတိုင်းက အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ မဆောင်ရွက်နိုင်သေးသည့် အခြားအာမခံလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာ၏ အာမခံလုပ်ငန်းအမယ်သစ်များကို မှီငြမ်း၍ နည်းပညာပိုင်းတိုးတက်အောင် ဆောင်ရွက်နိုင်ရေးတို့ကို ဖြည့်စွက်ဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်သည့် ကုမ္ပဏီ ၁၂ ခုမှ CEO များက ဆောင်ရွက်ထားရှိမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်သစ်ကူးအကြို ကုန်စည်ပြပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၆

အတာသင်္ကြန်နှစ်သစ်ကူးအကြို အထူးကုန်စည်ပြပွဲကို ဧပြီ ၅ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမနှင့်မိုင်ဒါကွင်း၌ နှစ်ကွင်းဆက်၍ ကျင်းပခဲ့သည်။

ပြပွဲကာလတွင် ကျပ်နှစ်သောင်းဖိုးနှင့်အထက် ဝယ်ယူသူများကိုလည်း ကံစမ်းမဲအစီအစဉ်များ၊ နေ့စဉ်စတုဒိသာ ကျွေးမွေးသည့်အစီအစဉ်နှင့် နှစ်သစ်သင်္ကြန်အကြို မြန်မာ့ရိုးရာသံချပ်ပြိုင်ပွဲကြီးနှင့် ယိမ်းအကပြိုင်ပွဲများစသည်ဖြင့် ဖျော်ဖြေရေးအစီအစဉ်များလည်းပါဝင်ကြောင်း သိရသည်။ **(နန္ဒဝင်း)**

တစ်ချက်တည်းကျင်းဝင်

တောင်ကုတ် ဧပြီ ၆

တောင်ကုတ်မြို့ တောင်ဦးနဒီဂေါက်ကွင်းတွင် မတ် ၂၇ ရက်က ကျင်းပသောဂေါက်ရိုက်ပြိုင်ပွဲတွင် ဦးသိန်းလွင်(စစစ)သည် ကစားဖော်များဖြစ်ကြသော ဦးဇော်မင်းအောင်၊ ဦးကျော်ဇင်လတ်၊ ဦးရွှေဘတင်နှင့် ဂေါက်ရိုက်ကစားစဉ် ကင်းကော်ရာအမျိုးအစား သံတုတ်နံပါတ်(၉)ဖြင့် ကျင်းနံပါတ်(၅)ဆီသို့ကိုက်၁၂၀ အကွာမှ ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

လမ်းမပေါ်တွင် အုပ်မိုးနေသော ရေတမာပင်များ

မြိတ် ဧပြီ ၆

မြိတ်မြို့တွင်း လမ်းမကြီးသည် တစ်ဖက်လျှင် ယာဉ်ကြောနှစ်ခုဖြင့် လေးလမ်းသွားလမ်းမဖြစ်သည်။ ထိုလမ်းမကြီးဘေးတစ်ဖက်တွင် စိုက်ပျိုးထားသော ရေတမာပင်ကြီးများသည် ရာသီဥတုပူပြင်းအချိန်တွင် အရိပ်အာဝါသ ရရှိသော်လည်း လမ်းမအတွက်မှာမူ အဖျက်အဆီး တစ်ခုဖြစ်နေသည်။

ယာပုံတွင်ပါသည့်အတိုင်း ကုန်စိမ်းဈေးနှင့်မီးစက်ကြီးအနီးရှိ ကန်ဖျားလမ်းမကြီးသည် အသွား/အပြန် ယာဉ်ကြောလေးခုရှိရာမှ ယာဉ်ကြောတစ်ခုအထိ အုပ်မိုးထားပြီး မော်တော်ယာဉ်များမောင်းနှင်ရာတွင် အမိုးကိုင်းနှင့် မလွတ်၍ ယာဉ်ကြောတစ်ခုတည်း အသုံးပြုနေကြရသည်။

ရှင်းလင်းသင့်ကြောင်း

လမ်းမယာဉ်ကြော တစ်ခုအထိ အုပ်မိုးထားသော ရေတမာပင်များ တည်ရှိရာတွင်လည်း မူလတန်းလွန်ကျောင်းတစ်ကျောင်းရှိပြီး ကျောင်းဆင်း၊ ကျောင်းလွှတ်ချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှုများရှိ၍ ယာဉ်ကြောတစ်ခုအထိအုပ်မိုးလျက်ရှိသော ရေတမာပင်ကိုင်းများကို သင့်တော်သလို ရှင်းလင်းပေးသင့်ပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။

ကိုသန့်(မြိတ်)

ထင်သာမြင်သာပြုပြင်စရာ

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် China Daily သတင်းစာမှ သတင်းထောက်နှင့်တွေ့ဆုံ

ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်ရောက်ရှိခဲ့မှု အခြေအနေများရှင်းလင်း

နိုင် ငံ တော် သမ္မတ ဦးသိန်းစိန်အား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ China Daily သတင်းစာ နိုင်ငံတကာသတင်းဌာနမှ သတင်းထောက် Ms. Li Xiaokun တွေ့ဆုံမေးမြန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Daily သတင်းစာ နိုင်ငံတကာသတင်းဌာနမှ သတင်းထောက် Ms. Li Xiaokun အား ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းယမြို့ရှိ ခေတ္တတည်းခိုသည့် MGM Grand ဟိုတယ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး တွေ့ဆုံမေးမြန်းခန်းအဖြစ် မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ထိုသို့ဖြေကြားရာတွင် နိုင်ငံတော်သမ္မတက ဘိုအောမြို့တွင် ကျင်းပမည့် ဘိုအောဖိုရမ် အစည်းအဝေးနှင့်ပတ်သက်၍ သဘောထားအမြင်များ၊ မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာမှုအခြေအနေများ၊ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရေးပါသောနေရာတွင် တည်ရှိသည့်အပြင် ရာသီဥတု သင့်တင့်မျှတမှုကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲပြီး ထုတ်ကုန်များ ပိုမိုထွက်ရှိစေကာ ဒေသတွင်းစားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည်အထိ ရည်မှန်းဆောင်ရွက်နေသည့်အခြေအနေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းဆောင်ရွက်နေမှုများ၊ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိရေးအတွက် တရုတ်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေမှု အခြေအနေ၊ မြန်မာ-တရုတ် နှစ်နိုင်ငံအနေဖြင့် အစဉ်အလာကောင်းသည့် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးမှတစ်ဆင့် အနှစ်သာရပြည့်ဝပြီး ပိုမိုနက်ရှိုင်းသည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်ကို တက်လှမ်းရောက်ရှိခဲ့မှု အခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် တရုတ်နိုင်ငံ China Nonferrous Metal Mining Group Co.,Ltd. အကြီးအကဲ Mr. Luo Tao အား MGM Grand ဟိုတယ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံရှိ တကောင်းတောင်ဒေသ၌ နီကယ်သတ္တုတူးဖော်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေမှု၊ အကျိုးအမြတ် ခွဲဝေရာတွင် စီမံကိန်းစာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်မည့် အခြေအနေ၊ သတ္တုတူးဖော်ရာတွင် နည်းပညာ မြင့်တင်ဆောင်ရွက်မည့် အခြေအနေ၊ စီမံကိန်းတွင် မြန်မာပညာရှင်များနှင့်ကျွမ်းကျင်လုပ်သားများကို အဓိကထား ခန့်ထားဆောင်ရွက်ရေး၊ စီမံကိန်းဆောင်ရွက်ရာတွင် နိုင်ငံတော်၊ ရင်းနှီးမြှုပ်နှံသူနှင့် ဒေသခံပြည်သူများ အကျိုးဖြစ်ထွန်းရေး၊ စီမံကိန်းဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေ ရရှိရေးနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကုမ္ပဏီက ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် ထိန်းသိမ်းဆောင်ရွက်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှုတို့ဖြင့် အကျိုးဖြစ်ထွန်းမှုများကို ရှေးရှုဆောင်ရွက်သွားမည်

တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်

❒ *ရှေ့ဖုံးမှ*

နှစ်နိုင်ငံ ဆက်ဆံရေးကို အစဉ်အလေးထားလျက်ရှိသည်ကို ပြသခြင်းဖြစ်ပါကြောင်း၊ မိမိတို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှုတို့ဖြင့် အကျိုးဖြစ်ထွန်းမှုများကို ရှေးရှုဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဒေသတွင်းပတ်ဝန်းကျင်နိုင်ငံများအားလုံး မျှဝေ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ တရုတ်တစ်နိုင်ငံ တည်းမူဝါဒအပေါ် ရပ်တည်ချက်ကို ကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘာ့အခြေအနေမှာ နက်ရှိုင်းစွာ ပြောင်းလဲဖြစ်ပေါ်နေသကဲ့သို့ နိုင်ငံအသီးသီးသည်လည်း ပြောင်းလဲမှုများ လျင်မြန်စွာဖြစ်ပေါ်နေပါကြောင်း၊ ထိုသို့ဖြစ်ပေါ်နေသော်လည်း မိမိတို့နှစ်နိုင်ငံ၏ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကိုဆက်လက်ထိန်းသိမ်းသွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအဆင့်မြင့်ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုဖြင့် ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို ဖြစ်ထွန်းစေပြီး အပြန်အလှန်နားလည်မှုရှိရှိဖြင့် ပြဿနာများဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားပါကြောင်း။

မြန်မာနိုင်ငံတွင် မိမိတို့နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းအပါအဝင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များတွင် မိမိတို့က ဆက်လက်၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာရန်အတွက် စိုက်ပျိုးရေးသရုပ်ပြစင်တာ တည်ဆောက်မှုကို ဆောင်ရွက်ပေးမည့်အပြင် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အသေးစားချေးငွေစီမံကိန်းတွင်လည်း သက်ဆိုင်ရာဌာနများနှင့် ဆက်စပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူများ အချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံရေး၊ ယဉ်ကျေးမှုဖလှယ်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်လိုပါကြောင်း၊ တရုတ်နိုင်ငံ CRI (China Radio International) အသံလွှင့်ဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့အကြား အသံလွှင့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင်လာမည့် ဒီဇင်ဘာလ၌ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နည်းပညာ အကူအညီပေးရေးကိစ္စရပ်များကို ပါဝင်ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့အတူ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နှစ်နိုင်ငံဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နောက်ရက်တွင်ကျင်းပမည့် ဘိုအောဖိုရမ်အစည်းအဝေးတွင် အာရှဒေသတွင်း နိုင်ငံများ၏ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် မိမိနှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အစဉ်အလာကောင်းသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှတစ်ဆင့် အနှစ်သာရပြည့်ဝပြီး ပိုမိုနက်ရှိုင်းသည့် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်ကို တက်လှမ်းရောက်ရှိခဲ့သည်ဟု မိမိယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် တူညီသည့်သမိုင်းကြောင်းများ ရှိခဲ့ကြပြီး ဖြစ်ပေါ်ပြောင်းလဲလာနေသည့် မျက်မှောက်ကမ္ဘာ့ရေးရာ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြည်တွင်းတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာ၌ အပြန်အလှန်နားလည်မှု၊ စာနာထောက်ထားမှုကို အခြေခံပြီး ဆက်ဆံနိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၏ အနှစ်သာရပင်ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်နှစ် ၂၀ ကျော်ကာလအတွင်းတွင် တရုတ်နိုင်ငံက မိမိတို့နိုင်ငံအား နိုင်ငံရေး၊ စီးပွားရေးနှင့်အခြားနယ်ပယ်များမှာပါ ထောက်ခံကူညီပေးခဲ့မှုများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းလာခဲ့သည့်ဖြစ်စဉ်၊ လက်ရှိနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများ၏ စေတနာဖြင့် ထောက်ခံအားပေးမှုများအတွက် မိမိတို့အစိုးရနှင့် ပြည်သူများက အစဉ်အမြဲကျေးဇူးတင်နေမည်ဖြစ်ကြောင်းကို အခွင့်သင့်ခိုက်တွင် ပြောကြားလိုပါကြောင်း။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံကို အဆွေတော်ဦးဆောင်သည့်ကာလတွင်လည်း ယခင်ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်နိုင်စေမည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို အခိုင်အမာဆက်လက်ထောက်ခံ ကျင့်သုံးသွားမည်ဖြစ်ကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း။

နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် လွတ်လပ်ပြီး တက်ကြွသည့်နိုင်ငံခြားရေးမူဝါဒနှင့်အညီ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကို အခြေခံပြီး ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းပြီး ပိုမိုနက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းတွင် မဟာဗျူဟာကျသည့် တည်နေရာ အနေအထားရှိသဖြင့် ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း များစွာအလေးထားပါကြောင်း၊ ထို့အတူ ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့အစည်းများနှင့်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဆီယံ၊ အက်ခ်မက်၊ ဘင်းမ်စတက်စသည့်ဒေသတွင်း အဖွဲ့အစည်းများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ မိမိတို့နှစ်နိုင်ငံ၏ ထူးခြားသည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့် သတ်မှတ်တက်လှမ်းနိုင်ခဲ့သည့် နှစ်နှစ်နီးပါးကာလအတွင်း အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး ပြန်လည်သုံးသပ်ကာ ထိရောက်အောင်မြင်သည့်ဆောင်ရွက်ချက်များ ဖော်ဆောင်နိုင်ရန်အတွက် လုပ်ငန်းစီမံချက်များ ချမှတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိ၏ခရီးစဉ်အတွင်း နှစ်ဖက်ညှိနှိုင်းပြီး ထုတ်ပြန်မည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစီမံချက်ကို ကြိုဆိုပါကြောင်း၊ အထူးသဖြင့် မိမိတို့နှစ်နိုင်ငံအကြား နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ မမျှော်မှန်းနိုင်သည့် အခက်အခဲအချို့ကိုလည်း ကြုံတွေ့ခဲ့ရပါကြောင်း၊ ယင်းအခက်အခဲများကိုလည်း မိမိတို့နှစ်ဖက် အပြန်အလှန် နားလည်မှုရှိရှိဖြင့် စိတ်ရှည်သည်းခံပြီး နှစ်ဦးနှစ်ဖက်ရေရှည်အကျိုးကို မျှော်ကိုးဖြေရှင်းဖော်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာအစိုးရများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက အသိအမှတ်ပြုသည့်အနေဖြင့် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန် ကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့ပေးနေပြီ ဖြစ်ပါကြောင်း၊ ယင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ပြိုင်ဆိုင်လုပ်ကိုင်လာကြရာတွင် ရေရှည်လုပ်ကိုင်နိုင်ရန် နိုင်ငံတကာအဆင့် သတ်မှတ်ထားရှိသည့်စံနှင့် သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း၊ ထို့အပြင် ဒေသခံပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိရန်လည်း လိုအပ်ပါကြောင်း၊ ၎င်းတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုပါ စောင့်ရှောက်သည့် တာဝန်သိ ရင်းနှီးမြှုပ်နှံသူများအဖြစ် တရုတ်စီးပွားရေးကုမ္ပဏီများအပေါ် သတ်မှတ် ယုံကြည်လာအောင် ပြုလုပ်သွားမည်ဟု မိမိအနေဖြင့် ယုံကြည်မျှော်လင့်ပါကြောင်း။

မိမိတို့နိုင်ငံရှိ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများအတွက် တရုတ်နိုင်ငံက အတိုးနှုန်းသက်သာသည့် ချေးငွေအကူအညီရယူရန် နှစ်ဖက်သဘောတူခဲ့ပါကြောင်း၊ ယင်းချေးငွေများကို ကျေးရွာအလိုက်ရင်းနှီး မတည်ငွေအဖြစ် စိုက်ပျိုးစရိတ် ချေးငွေအဖြစ် ထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် ဆန္ဒရှိပါကြောင်း။

ကျေးလက်ဒေသ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အရင်းအနှီးနှင့် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီများ လိုအပ်နေဆဲ ဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်ဖြစ်သည့် ဆန်၊ ပြောင်းနှင့် ရော်ဘာတို့ကို တရုတ်နိုင်ငံသို့တင်ပို့ရာတွင် တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းအရည်အသွေးနှင့် ပိုးမွှားကင်းစင်မှု စစ်ဆေးရေးစံနှုန်းများနှင့် ကိုက်ညီတင်ပို့ခွင့်မရသေးသည့်အတွက် အမြန်ဆုံးတင်ပို့ခွင့်ရရှိလိုပါကြောင်း။

အစိုးရဌာန အဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်စေရန် လိုအပ်သည့် ကျွမ်းကျင်သူ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သည့် ကဏ္ဍများတွင် အဆွေတော်တို့အနေဖြင့် တတ်နိုင်သမျှ ကူညီပေးစေလိုပါကြောင်း၊ အဆွေတော်တို့ကဲ့သို့ မိတ်ဆွေနိုင်ငံများက ပေးအပ်လာသည့် အကူအညီများကို အကျိုးရှိရှိ အသုံးချနိုင်ရန် စီမံခန့်ခွဲရေးအဖွဲ့များ ဖွဲ့စည်းပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် အေးချမ်းရေးသည် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်နယ်စပ်ဒေသနေ ပြည်သူများ လူမှုစီးပွားဘဝ တိုးတက်ရေးတို့အတွက် များစွာအရေးကြီးသကဲ့သို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း အရေးပါပါကြောင်း၊ အဆွေတော်ကိုလည်း အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်လည်ပတ်ရန် ဖိတ်ကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ကျင်းပရာ နှစ်နိုင်ငံသမ္မတများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Gao Hu Cheng တို့က စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို လည်းကောင်း၊ သံအမတ်ကြီး ဦးတင်ဦးနှင့် တရုတ်နိုင်ငံ ပို့ကုန်၊ သွင်းကုန်ဘဏ်ဥက္ကဋ္ဌ Mr. Li Rougu တို့က အထက်ရဲရွာ-ရွှေစာရံခုတ် အားပို့လွှတ်ရေး စီမံကိန်းအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် တရုတ်ပို့ကုန်၊ သွင်းကုန်ဘဏ်တို့ ဦးစားပေးဝယ်သူ ချေးငွေစာချုပ်နှင့် မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ချေးငွေရယူရေးအစီအစဉ် သဘောတူစာချုပ်တို့ကိုလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

စစ်မက်ဖြစ်ပွားလာလျှင် ပြည်ပသံရုံးများကို အာမ မခံနိုင်ဟု မြောက်ကိုရီးယားဥ္မ သတိပေး

ပြုံယမ်း ဧပြီ ၆

မြောက်ကိုရီးယားက စစ်ဖြစ်လာခဲ့လျှင် ပြုံယမ်းရှိ ပြည်ပသံရုံးများနှင့် ယင်းတို့၏ဝန်ထမ်းများအတွက် လုံခြုံရေးကို အာမခံပေးနိုင်မည်မဟုတ်ဟု ပြောကြားလိုက်ကြောင်း ဧပြီ ၆ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရုရှားနှင့် ဗြိတိန်နှစ်နိုင်ငံတို့သည် မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်းရှိ ၎င်းတို့၏သံရုံးများကို ကယ်ဆယ်ရေးများ ချက်ချင်းဆောင်ရွက်မည့်အစီအစဉ် မရှိသေးကြောင်း ထုတ်ဖော်ပြောကြားသည်။

အတည်ပြု

ပြုံယမ်းရှိ ဗြိတိသျှသံရုံးက ဧပြီ ၅ ရက်တွင် မြောက်ကိုရီးယားအစိုးရထံမှ ဆက်သွယ်မှုတစ်ရပ်ကို ရရှိထားပြီးနောက် အထက်ပါပြောကြားချက်ကို ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။

အရှေ့အာရှနိုင်ငံအတွင်းရှိ အာဏာပိုင်များသည် ဧပြီ ၁၀ ရက် ပြီးနောက် စစ်ပွဲဖြစ်ပွားခဲ့လျှင် ၎င်း၏ သံတမန်များနှင့် သံရုံးကို လုံခြုံရေးအတွက် အာမခံပေးနိုင်လိမ့်မည်မဟုတ်ကြောင်း ဗြိတိသျှအစိုးရအရာရှိများကို သတိပေးထားသည်။ ဗြိတိန်ကလည်း ၎င်း၏သံတမန်များကို ရုပ်သိမ်းရန် ချက်ချင်းမဆုံးဖြတ်သေးဘဲ မြောက်ကိုရီးယား၏ရန်လိုမှုများကို ပြစ်တင်ရှုတ်ချခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့အား ပစ်မှတ်ထားပြီး တိုက်ခိုက်ရန် ခြိမ်းခြောက်နေစဉ်အတွင်း မြောက်ကိုရီးယား၏ အဆိုပါထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ **(ဘီဘီစီ)**

တင်မောင်လွင်-စုစည်းသည်

ဗဟိုအာဖရိကသမ္မတနိုင်ငံအတွင်းမှ ဒုက္ခသည်များ တိုးမြင့်လာဟု ကုလသမဂ္ဂမှ ပြောကြား

ဂျီနီဗာ ဧပြီ ၆

ပြီးခဲ့သည့် ဒီဇင်ဘာအတွင်း သူပုန်ထကြွမှုများ စတင်ခဲ့သည့်အချိန်ကတည်းက ဗဟိုအာဖရိကသမ္မတနိုင်ငံအတွင်းမှ ထွက်ပြေးသူဒုက္ခသည်အရေအတွက်သည် ၃၇၀၀၀ အထိ မြင့်တက်လာခဲ့ကြောင်း ကုလသမဂ္ဂ၏ ပြောကြားချက်အရ သိရသည်။ ဒုက္ခသည်အများစုသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမြောက်ပိုင်း၊ ချက်နှင့် ကင်မရွန်းနိုင်ငံတို့သို့ ထွက်ပြေးသွားကြကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံ မြို့တော်ဘန်ဂူးကို သူပုန်တိုက်ခိုက်သိမ်းပိုက်ပြီးချိန်တွင် သမ္မတဖရန်ဆွာဘိုဇီဇီလည်း ကင်မရွန်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ဆီလီကာသူပုန်များနှင့် အပေါင်းပါလက်နက်ကိုင် အုပ်စုတစ်စုသည် မစ္စတာဘိုဇီဇီနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ် ညှိနှိုင်းဆွေးနွေးပြီးနောက် အာဏာသိမ်းယူသွားခဲ့သည်။

ထွက်ပြေးသွားသူဒုက္ခသည်များသည် အများအားဖြင့် ဘန်ဂူးမြို့မှ ဖြစ်ကြသည်။ ထို့အပြင် နိုင်ငံအရှေ့တောင်ပိုင်းရှိ ဘန်ဂါဆော့၊ ရီဖိုင်းနှင့် ဇီမ္မိုင်မြို့များမှလည်း ပါဝင်သည်။ နေအိမ်များမှ ရုတ်တရက် ထွက်ခွာလာကြသူများသည် ၎င်းတို့ပိုင်ဆိုင်သောပစ္စည်းများကိုပင် ယူဆောင်လာနိုင်ကြခြင်းမရှိပေ။ **(အောက်ပုံ)**

အိုးမဲ့အိမ်မဲ့ဖြစ်လာ

ပြီးခဲ့သည့်လေးလအတွင်း ဆူပူအုံကြွမှုကြောင့် နိုင်ငံအတွင်းတွင် အခြားလူပေါင်း ၁၇၃၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်လာခဲ့သည်။ **(ဘီဘီစီ)**

မြောက်ကိုရီးယားတိုက်မည့် ဒုံးကျည်လမ်းကြောင်း တောင်ကိုရီးယားက ကာကွယ်ရေးစနစ်ဖြန့်ကြက်

ဆိုးလ် ဧပြီ ၆

မြောက်ကိုရီးယားက ဒုံးကျည်တစ်စင်းကို ၎င်း၏အရှေ့ဘက်ကမ်းရိုးတန်း၌ ဖြန့်ကြက်ချထားခဲ့ပြီးနောက် တောင်ကိုရီးယားကလည်း ဒုံးကျည်ကာကွယ်ရေးစနစ်များနှင့် စစ်သင်္ဘောနှစ်စင်း ဖြန့်ကြက်ချထားလိုက်ကြောင်း ဧပြီ ၅ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်း၏အရှေ့ဘက်ကမ်းခြေသို့ ဒုံးကျည်တစ်စင်းရွှေ့ပြောင်းထားသည်ဟု ပြောကြားခဲ့ပြီးနောက် ဒုံးကျည်ကာကွယ်ရေးစနစ်များနှင့် စစ်သင်္ဘောနှစ်စင်းကို တောင်ကိုရီးယားက နိုင်ငံအရှေ့ဘက်နှင့်အနောက်ဘက်တို့တွင် ဖြန့်ကြက်ချထားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အမေရိကန်က ၎င်း၏စစ်အခြေစိုက်စခန်းများနှင့် တပ်ဖွဲ့ဝင် ၆၀၀၀ တို့အား ကာကွယ်ရန် ဂူအမ်ကျွန်းသို့ အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်ရန် ဆုံးဖြတ်ချက်ကို ပင်တဂွန်က ဧပြီ ၃ ရက်တွင် ကြေညာခဲ့သည်။ တောင်ကိုရီးယားက မြောက်ကိုရီးယား၏ ဒုံးကျည်ပြောင်းရွှေ့မှုကို လျှော့တွက်ထားသည်။ ရန်လိုတိုက်ခိုက်မှုထက် စမ်းသပ်မှုတစ်ရပ်ဖြစ်နိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

တောင်အာဖရိကတပ်ဖွဲ့ဝင်များ ဗဟိုအာဖရိကမှ ရုပ်သိမ်းမည်

ဆန်ဒူး ဧပြီ ၆

တောင်အာဖရိကနိုင်ငံအနေဖြင့် ဗဟိုအာဖရိကသမ္မတနိုင်ငံ (စီအေအာရ်)အတွင်းမှ ယင်း၏တပ်ဖွဲ့များကို ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း တောင်အာဖရိကသမ္မတ ဂျက်ကော့ဇူးမားက ပြောကြားသည်။

ဗဟိုအာဖရိကနိုင်ငံအတွင်းရှိ စစ်သားများကို လေ့ကျင့်ကူညီပေးခဲ့သည့် မိမိတို့၏ အထူးတာဝန် ထမ်းဆောင်ရေးတပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန်ဆုံးဖြတ်ကြောင်း ဇူမားက ဧပြီ ၄ ရက်က ပြောကြားခဲ့သည်။

ဗဟိုအာဖရိကနိုင်ငံမြို့တော် ဘန်ဂူးဆင်ခြေဖုံးရှိ စစ်ဆေးရေး ဂိတ်တစ်ခု၌ ဆီလီကာသူပုန်များနှင့်တိုက်ပွဲများဖြစ်ပွားစဉ် တောင်အာဖရိကစစ်သား ၁၃ဦးသေဆုံးပြီး အခြား ၂၇ ဦး ဒဏ်ရာရရှိခဲ့ပြီးနောက် ၎င်းက အဆိုပါကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း

အလုပ်အမှုဆောင်အဖြစ် အဆိုပြုနိုင်ရန် ဖိတ်ခေါ်ခြင်း

မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းရာတွင် အသင်းအလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် အသင်းဝင်များအနေဖြင့် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းရုံး၊ မူဆယ်မြို့တွင် ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ အဆိုပြုလွှာများ ထုတ်ယူနိုင်ပါသည်။ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၃ခုနှစ် မေ ၁၅ ရက်အတွင်း **အဆိုပြုလွှာ**များတင်သွင်းနိုင်ပါရန် အသိပေး ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးခင်ဇော်(ရုံးအုပ်) ဖုန်း-၀၈၂-၅၀၆၄၈၊ ၅၂၉၈၄၊ ၀၉-၅၂၃၃၂၅၀၊ ၀၉-၅၂၁၄၀၇၅၊ ၀၆၉၂-၆၂၈၂၅၅၄၊ ၆၂၀၅၄၇၄

အလုပ်အမှုဆောင်အဖွဲ့

မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် North Petro-Chem Corp.,Ltd. ဥက္ကဋ္ဌနှင့် တွေ့ဆုံ

ထုံးကျောက်မှဘိလပ်မြေထုတ်လုပ်နိုင်ရေး ကွင်းဆင်းလေ့လာဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေး

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Corp.,Ltd. ဥက္ကဋ္ဌ Mr. Li Li အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စန်းယမြို့ရှိ ခေတ္တတည်းခိုသည့် MGM Grand ဟိုတယ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာ၌ ယခင်နှစ်ဖက်သဘောတူညီပြီးဖြစ်သည့် ချင်းပြည်နယ်တွင် နီကယ်သတ္တုတူးဖော်ရေးလုပ်ငန်းများကို အမြန်ဆုံး စတင်ဆောင်ရွက်ရေး၊ ယင်းဒေသမှ ထွက်ရှိသည့် ကျောက်မီးသွေးဖြင့် စီမံကိန်းအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်ပြီး အနီးဝန်းကျင်ရှိ ဖလမ်း၊ တီးတိန်နှင့် ကလေးမြို့နယ်များသို့လည်း ဓာတ်အားဖြန့်ဖြူးပေးရေး၊ ဒေသခံပြည်သူများ၏ ထောက်ခံမှုရရှိစေရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာရေးတို့အတွက် စီမံကိန်းအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးရေး၊ ဒေသတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် ယင်းဒေသရှိ မဏိပူရ် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် ထိုဒေသတွင် ထွက်ရှိသည့် ထုံးကျောက်မှ ဘိလပ်မြေထုတ်လုပ်နိုင်ရေးတို့အတွက် လိုအပ်သည့် ကွင်းဆင်းလေ့လာဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက်နိုင်ငံတော်သမ္မတသည် ညနေ ၃ နာရီ ၂၅ မိနစ်တွင် တရုတ်နိုင်ငံ CNPC Co., Ltd. အကြီးအကဲ Mr. Zhou Jiping အား MGM Grand ဟိုတယ်ဧည့်ခန်းမ၌ ဆက်လက် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် Mr. Zhou Jiping က အရှည်မိုင်ပေါင်း ၁၅၄၀ ရှိ ရခိုင်ပြည်နယ် ပဒဲကျွန်းမှ ယူနန်ပြည်နယ်သို့ ပိုက်လိုင်းသွယ်တန်းမှုမှာ ၉၂ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှု၊ တည်ဆောက်ရေးလုပ်ငန်းတွင် မြန်မာလုပ်သား ၆၀၀၀ ကျော်နှင့် မြန်မာကုမ္ပဏီပေါင်း ၂၂၆ ခု တို့က ပါဝင်ဆောင်ရွက်ခဲ့မှု၊ ပိုက်လိုင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ ပူးပေါင်း ပါဝင်ကူညီဆောင်ရွက်ပေးခဲ့မှု၊ တည်ဆောက်ပြီး ပိုက်လိုင်းလုံခြုံမှုနှင့်ပိုက်လိုင်းတစ်လျှောက် ဆက်သွယ်ရေးစနစ် လွယ်ကူချောမွေ့စေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက် ပေးစေလိုမှု၊ ဒေသခံပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက် ပေးနိုင်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Corp.,Ltd. ဥက္ကဋ္ဌ Mr. Li Li အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတက စီမံကိန်းဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အသိအမှတ်ပြုပါကြောင်း၊ စီမံကိန်းနှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်သည့် ကျွမ်းကျင်ပညာရှင်များမှအပ အခြားကျွမ်းကျင် ပညာရှင်များနှင့် လုပ်သားများကို ဒေသခံပြည်သူများထဲကသာ ခန့်ထားဆောင်ရွက်ပေးစေလိုကြောင်း၊ ပိုက်လိုင်း လုံခြုံရေးအတွက် နေရာအလိုက် ဒေသခံများ ပါဝင်သည့် လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်သဖြင့် ပူးပေါင်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရရှိမှသာ လုပ်ငန်းပိုမိုအောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ ပိုက်လိုင်းတစ်လျှောက် ဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက်လည်း ကုမ္ပဏီအနေဖြင့် ဆောင်ရွက်ရမည်များရှိသကဲ့သို့ မိမိတို့ဘက်မှလည်း အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကမ်းလွန်ရေနံ တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အောင်မြင်မှုရရှိနေသည်ဟုကြားသိရသဖြင့် လိုအပ်သည်များကို ဆက်လက်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေး ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ဒုလ္လဘရဟန်းခံရှင်ပြုနှင့် သတိပြုစရာသင်တုန်းဓား

မြတ်ထွင်ညွန့်(ဆေး-၂)

တစ်နေ့နံနက် စောစောတွင် မောင်ပျာယာနှင့် မောင်ချစ်စရာ တို့နှစ်ဦး ဒေါက်တာမြတ်ဆီ ရောက်ချလာပြန်သည်။ "မောင်ပျာယာရော၊ မောင်ချစ်စရာရော ပါလား၊ ဘယ်ကလှည့်လာကြတာလဲ၊ လာကြ"။

"ဆရာ့ဆီပဲ တကူးတက လာတာပါခင်ဗျာ။ ကိုယ့်ဆရာ သမားကလည်း စိမ်းကားနေလိုက်တာ၊ ကိစ္စရှိမှ၊ လမ်းကြုံမှ လာရ တော့မှာလား။ သည်လိုဆရာရဲ့ အခုရပ်ကွက်ထဲမှာ ကလေးတွေလည်း စာမေးပွဲပြီးတော့ နွေရာသီ ကျောင်းပိတ်ရက်မှာ စုပေါင်းရဟန်းခံရှင်ပြုလုပ်မလို့။ အဲ့ဒါဆရာ့ကို လာဖိတ်တာ။ မောင်ချစ်စရာက သူကိုယ်တိုင် ရဟန်းခံမယ်။ သူ့ကလေး နှစ်ယောက်စလုံး ရှင်ပြုမယ်ဆိုတော့ ဆရာကိုယ်တိုင် လာခဲ့ပါလို့"။

မောင်ပျာယာက ပြောရင်းမှာ ပင်ဖိတ်စာကို ဒေါက်တာမြတ်ထံ ပေးလိုက်သည်။

"ဒါဆို ပရိက္ခရာရှစ်ပါးရော စုံပြီလား"

"စုံပြီဆရာရဲ့။ အလှူရှင်တွေ ရှိတော့ ပရိက္ခရာရော၊ ကျွေးမွေးဖို့ရော အားလုံးပူစရာမလိုဘူး"

ဒေါက်တာမြတ်က မေးသည်။ "ဒါဆိုသင်တုန်းဓားတို့၊ ရေစစ်တို့ကရော တကယ့်အစစ်တွေ ဟုတ်ရဲ့လား။ ခေါင်းရိတ်တော့ရော ဘယ်ကသင်တုန်းဓားနဲ့ သုံးမှာလဲ။"

"အဲ့ဒါတော့ မသိဘူးဗျ။ ကျွန်တော် သိသလောက်ဆို သက်နှိုင်းဆိုင်အများစုက ရောင်းတဲ့ ပရိက္ခရာရှစ်ပါးမှာတော့ သင်တုန်းဓားတော့ပါမယ်။ ဒါပေမယ့် သုံးလို့မရတဲ့ ကော်ဓားပဲဖြစ်ဖို့များတယ်။ အခုခေတ်ကတော့ သည်လိုပါပဲဆရာရယ်။ ဘုန်းကြီးကျောင်းက သင်တုန်းဓားပဲ သုံးရတော့မှာပေါ့"။

"သင်တုန်းဓားကတော့ အရေးကြီးတယ် မောင်ချစ်စရာရဲ့။ ကျန်းမာရေး ရှုထောင့်ကကြည့်ရင် သင်တုန်းဓားနဲ့ ပတ်သက်ပြီး ပြောစရာလေးတွေ ရှိတယ်"။

"ဟုတ်လား ဒေါက်တာ ပြောပြပါဦး"

"ရဟန်းခံရှင်ပြုဆိုရင် ပထမဆုံး ပရိက္ခရာရှစ်ပါးကို စုံအောင် ထည့်ကြရတယ်။ နှစ်ထပ်သင်္ကန်း၊ သင်းပိုင်၊ ဧကသီလို့ခေါ်တဲ့ တိစိဝရ၊ သပိတ် (ပတ္တ)၊ ခေါင်းရိတ်ဓား(ဝါသိ)၊ အပ်(သူစိ)၊ ခါးပန်းကြိုး(ဗန္ဓန)နဲ့ ရေစစ် (ပရိဿာဝန) ဆိုတဲ့ရှစ်မျိုးပေါ့။ သည်အထဲမှာ ဒုလ္လဘခဏတစ်ဖြုတ် ဝတ်ကြတဲ့ ကိုရင်လောင်းတွေ၊ ရဟန်းလောင်းတွေ စတွေ့ကြရတာက ခေါင်းရိတ်ဓားပဲ။ မြတ်စွာဘုရားရဲ့ ပညတ်တော်(ဝိ ၄၊၂၄၂)အရ ဆံပင်လက်နှစ်သစ်ထက် ပိုရှည်အောင် မထားရတဲ့အတွက် ရဟန်းလောင်း၊ ရှင်လောင်းတွေဟာ တစပဥ္စက ကမ္မဋ္ဌာန်းကိုပွားများပြီး ဆံချကြရတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင်က တစ်ပါးစီမှာ ရှိသင့်ရှိထိုက်တဲ့ ပစ္စည်းအဖြစ် သင်တုန်းဓားကို သတ်မှတ်ပေးခဲ့တယ်။ သဘောကတော့ ကိုယ့်ပစ္စည်းကိုယ်သုံး၊ ကိုယ့်သင်တုန်းဓား ကိုယ်သုံးရမယ်ပေါ့"။

"ကိုယ့်သင်တုန်းဓားကိုယ်သုံးဖို့က ကျန်းမာရေးအတွက် အဲသည်လောက်တောင် အရေးကြီးလို့လားဆရာရဲ့"။

မောင်ချစ်စရာက ဖြတ်မေးသည်။

"ကြီးတာပေါ့ မောင်ချစ်စရာ။ ခေါင်းရိတ်ဓားနဲ့ ဆံပင်ရိတ်ရင် ဓားရှတာတွေဖြစ်နိုင်တယ်။ ခေါင်းမှာ အနာရှိရင် ဆံပင်ရိတ်နေရင်းနဲ့ သွေးတွေထွက်တဲ့အထိ ဓားရှနိုင်တယ်။ တစ်ယောက်ကို ခေါင်းရိတ်ပြီး သွေးထွက်သွားခဲ့ရင် သည်သွေးတွေဟာ ဓားပေါ်မှာ ပေကျံနေနိုင်တယ်။ ရေနဲ့ဆေးစေဦးတော့ အလွန်သေးငယ်ပြီး မျက်စိနဲ့တောင်မမြင်နိုင်လောက်အောင်သေးငယ်တဲ့ ရောဂါပိုးတွေဟာ ဓားပေါ်မှာတင်ကျန်နေနိုင်တယ်။ အဲသည်အချိန်မှာ အခြားသူတစ်ဦးကို ဆက်ပြီးခေါင်းရိတ်ပေးရင် ရောဂါပိုးတွေဟာ အခြားသူရဲ့ ဓားရှဒဏ်ရာကနေတစ်ဆင့် သွေးထဲရောက်ပြီး ရောဂါပိုးတွေ ဝင်ရောက်ကူးစက်စေနိုင်တယ်"

"ဘယ်လို ရောဂါပိုးတွေက အဲ့သည်လို ကူးစက်နိုင်တာလဲဆရာ" မောင်ပျာယာကမေးသည်။

"ခေါင်းရိတ်ရာကတစ်ဆင့် ကူးတယ်ဆိုပေမယ့် တကယ်တော့သွေးက တစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါတွေလို့ပဲ ပြောရမှာပေါ့ မောင်ပျာယာရယ်။ ခေါင်းရိတ်ဓား၊ သင်တုန်းဓားမှ ရယ်တော့မဟုတ်ပါဘူး။ ဆေးထိုးအပ်၊ ဆေးထိုးပြွန်တို့လို သွေးနဲ့ထိတွေ့နိုင်တဲ့ အသုံးအဆောင် ပစ္စည်းတွေကတစ်ဆင့်လည်း သည်လိုရောဂါတွေက ကူးစက်နိုင်ပါတယ်။ သွေးကတစ်ဆင့် ကူးစက်နိုင်တယ်လို့ သတ်မှတ်ထားတဲ့ရောဂါတွေ အတိအကျကတော့ စာရင်းမှာသာကြည့်ပေတော့။ သည်စာရင်းထဲမှာကတော့ အများပြည်သူတွေ ကြားဖူးနားဝမဟုတ်တဲ့ ရောဂါတွေ ပါပါတယ်။ တချို့ရောဂါတွေက သိပ်အန္တရာယ်မကြီးပေမယ့် တချို့ကျတော့ အသက်အန္တရာယ် ခြိမ်းခြောက်နိုင်တဲ့အထိ သိပ်အန္တရာယ်ကြီးမားတယ်"

ဒေါက်တာမြတ်ပေးလိုက်သော သွေးမှတစ်ဆင့် ကူးစက်နိုင်သည့် ရောဂါဆိုးများစာရင်းကို မောင်ပျာယာနှင့် မောင်ချစ်စရာတို့က ဖတ်ကြည့်ကြလေသည်။

သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများမှာ

Human T-Lymphotropic Viruses type I and II Hepatitis A (အသည်းရောင်အသားဝါအေပိုး)၊ Hepatitis B (အသည်းရောင်အသားဝါဘီပိုး)၊ Hepatitis C (အသည်းရောင်အသားဝါ စီပိုး)၊ Hepatitis D (အသည်းရောင်အသားဝါ ဒီပိုး)၊ Hepatitis E (အသည်းရောင် အသားဝါ အီးပိုး)၊ Hepatitis G virus/GB Virus C (အသည်းရောင်အသားဝါ ဂျီပိုး)၊ Hepatitis I (AIH) (အသည်းရောင်အသားဝါ အိုင်ပိုး)၊ Cytomegalovirus (စိုင်တိုမီဂါလိုဗိုင်းရပ်စ်ပိုး)၊ Syphilis (ဆစ်ဖလစ် ကာလသားရောဂါပိုး)၊ Malaria (ငှက်ဖျားရောဂါပိုး)၊ Chagas' Disease (ချဂတ်စ်ရောဂါပိုး)၊ Toxoplasmosis (တော်ဇိုပလမ်မိုးစစ်ရောဂါပိုး)၊ Leishmaniasis (လစ်မန်းနီးယားရောဂါပိုး)၊ Lyme Disease (လိုင်းရောဂါပိုး)၊ Babesiosis (ဘာဘီးစီးယားရောဂါပိုး)၊ Epstein-Barr Virus (အက်စတိုင်းဘား ဗိုင်းရပ်စ်ပိုး)၊ Human Parvovirus B19 (ပါဗိုဗိုင်းရပ်စ်ပိုး)၊Human Herpesvirus-6 (ရေယုန်ပိုး အမှတ်-၆)၊ Human Herpesvirus 8 (ရေယုန်ပိုး အမှတ်-၈)၊ SEN Virus (အက်စ်အီးအမ် ဗိုင်းရပ်စ်ပိုး)၊ TT Virus (တီတီဗိုင်းရပ်စ်ပိုး)၊ CJD,vCJD (ကူးစက်နိုင်သောပရိုတင်းအစအန ရောဂါများ)၊ Bacterial Contamination (ဗက်တီးရီးယား ကူးစက်ရောဂါများ)၊ Rocky Mountain Spotted Fever (ရစ်ကက်စီးယားပိုးကြောင့်ဖြစ်သော အဖျားရောဂါပိုး တစ်မျိုး)၊ Denque Virus (သွေးလွန်တုပ်ကွေးရောဂါပိုး)၊ HIV (အိတ်ချ်အိုင်ဗွီရောဂါပိုး) တို့ဖြစ်ကြသည်။

"ဟာ သည်စာရင်းအတိုင်းဆိုရင် သွေးကတစ်ဆင့်ကူးစက်နိုင်ခြေရှိတဲ့ ရောဂါ တွေက မနည်းမနောပါလား"

"သည်ရောဂါတွေ အားလုံးက သွေးကတစ်ဆင့် ကူးတာလား။ ခေါင်းရိတ်ဓားကတစ်ဆင့် ကူးနိုင်တာတွေလားဆရာ"။

မောင်ပျာယာနှင့် မောင်ချစ်စရာတို့ကမေးသည်။ "သွေးကတစ်ဆင့် ကူးနိုင်တဲ့ရောဂါတွေပဲ။ ဒါပေမယ့် တချို့ရောဂါတွေက သွေးက အဓိက ကူးစက်နိုင်တဲ့ရောဂါမျိုးတွေ မဟုတ်ဘူး။ ဥပမာ သွေးလွန်တုပ်ကွေးဆိုရင် ရောဂါပိုးရှိတဲ့ ခြင်ကျားကိုက်တာက အဓိက ကူးစက်နိုင်တဲ့နည်းလမ်းပဲလေ။ ဆစ်ဖလစ်လိုရောဂါဆိုရင်လည်း လိင်ကတစ်ဆင့် ကူးစက်တဲ့နည်းလမ်းက အဓိက ကူးစက်တဲ့နည်းပဲ။ ဒါ့ကြောင့် သွေးထဲမှာ အခုဇယားထဲ၌ ဖော်ပြထားတဲ့ ရောဂါပိုးတွေရှိနေရင် တချို့ကျတော့ ကူးစက်နိုင်ခြေပိုမြင့်တယ်။ တချို့ကျတော့ ဖြစ်နိုင်ခြေရှိတယ်။ ဖြစ်ဖို့တော့နည်းတယ်ပေါ့။ ဖြစ်နိုင်ခြေမြင့်တဲ့ ရောဂါတွေထဲမှာ လူသိများပြီး ကြောက်ကြတဲ့ ခုခံအားကျဆင်းမှုကူးစက်ရောဂါပိုး၊ အသည်းရောင်အသားဝါဘီပိုး၊ စီပိုးတွေပါနေတယ်"။

"ခုခံအားကျဆင်းမှုကူးစက်ရောဂါပိုးက သွေးကတစ်ဆင့်လည်းကူးတယ်နော်"

"ဟုတ်တယ်။ ကမ္ဘာပေါ်မှာ အိတ်ချ်အိုင်ဗွီပိုးကူးစက်တဲ့သူ ပေါင်း ၃၃ သန်းကျော်လောက်ရှိတယ်။ အိတ်ချ်အိုင်ဗွီပိုးက ခုခံအားကျဆင်းမှုကူးစက်ရောဂါလို့ခေါ်တဲ့ အေအိုင်ဒီအက်စ် ရောဂါကိုဖြစ်စေနိုင်တယ်။ သည်ရောဂါကို လောလော ဆယ်အထိ အမြစ်ပြတ်ပျောက်ကင်းအောင် ကုနိုင်တဲ့ဆေးမရှိသေးဘူး။ အသည်းရောင်အသားဝါဘီပိုးက သန်း ၃၅၀ လောက်ရှိတယ်။ ဘီပိုးကတော့ ကာကွယ်ဆေး ကြိုထိုးထား ပြီး ကာကွယ်လို့ရတယ်။ သည်ပိုးက တာရှည်စွဲကပ်ရင် အသည်းကင်ဆာ ဖြစ်တဲ့အထိ ဖြစ်စေနိုင်တယ်။ အသည်းရောင် အသားဝါစီပိုးကတော့ သန်း ၁၃၀ ကနေ သန်း ၂၀၀ ကျော်အထိ ရှိတယ်။ စီပိုးက ကာကွယ်ဆေး လည်းမရှိသေးသလို ကူးစက်ခံရ ရင်လည်း ကြာလာရင် အသည်း ကင်ဆာ ဖြစ်လာနိုင်တယ်။ သည် လူတွေက အခုပြောပြခဲ့တဲ့ ရောဂါပိုးသာ ရှိတယ်ဆိုပေမယ့် အပြင်ပန်းက ကြည့်ရင်တော့ သည်အတိုင်းပဲ မသိသာဘူး။ ဒါပေမယ့် ရောဂါပိုးကရှိနေတဲ့အတွက် တစ်ယောက်ကနေ တစ်ယောက်ကို ကူးစက်သွားနိုင်စေတယ်"။

"ဒါဆိုရင် အခုပြောခဲ့တဲ့ ရောဂါတွေ ခေါင်းရိတ်ရာကနေ တစ်ဆင့်ကူးစက်ရခြင်းမရှိရလေအောင် တစ်ယောက်သုံးပြီးသား ခေါင်းရိတ်ဓားကို အခြားတစ်ယောက်က မသုံးဖို့လိုတာပေါ့ နော်"။

မောင်ချစ်စရာကမေးသည်။ "ဟုတ်တယ် မောင်ချစ်စရာ။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ပဲသိကြပါတယ်ပြောပြော၊ သားအဖချင်း၊ ညီအစ်ကိုချင်းပင်ဖြစ်စေဦးတော့ ခေါင်းရိတ်ဓားကို တစ်ယောက်တစ်လှည့် ဝေမျှသုံးစွဲတာမျိုး မလုပ်သင့်ဘူး"

"ဘလိတ်ဓား တပ်ထားတဲ့ ခေါင်းရိတ်ဓားမျိုး ဆိုရင်ရောဆရာ"

"အဲသလို ဘလိတ်ဓား ပြောင်းသုံးလို့ရတဲ့ ခေါင်းရိတ်ဓားမျိုးကို အခုခေတ်မှာ ဆံသဆိုင်တွေမှာ သုံးလာကြတယ်။ ဒါဟာ ကျန်းမာရေး အမြင်ကကြည့်ရင် ဓားတစ်လက်တည်း သုံးတာထက်စာရင် သိပ်ကောင်းတာပေါ့။ ဆံချတဲ့အခါ အဲ့သလိုမျိုး ဘလိတ်ဓား ပြောင်းသုံးလို့ရတဲ့ ခေါင်းရိတ်ဓားကို သုံးရင် ကောင်းပါတယ်"

"ဟုတ်ပ၊ ဆရာနဲ့ပြောလိုက်မှ ခေါင်းရိတ်ဓားက အရေးကြီးမှန်း သတိထားမိတော့တယ်။ ကလေး ငယ်ငယ်လေးတွေအရွယ်မှာ သည်လိုရောဂါမျိုး မတော်တဆရသွားရင် သွားပါလေရောနော်" မောင်ချစ်စရာကပြောသည်။

"ဒုလ္လဘ စုဝတ်ကြတဲ့အခါ လူတွေကများတော့ သည်အထဲမှာ ဘယ်သူက ဘာရောဂါပိုးတွေရှိနေမှန်းမသိတာဆိုတော့ တစ်ယောက်ချင်းစီ သီးသန့်ခေါင်းရိတ်ဓားသုံးတာ အကောင်းဆုံးပါပဲဆရာရယ်။ မြို့ပေါ်က ကျောင်းကြီးတွေကတော့ တိတိကျကျမဟုတ်တောင် ခေါင်းရိတ်ဓားကို အတူတူမသုံးသင့်မှန်း သိကြပါတယ်။ ဒါပေမယ့် မသိကြသေးတဲ့သူတွေလည်း ရှိကြတဲ့အတွက် မသိကြသေးသူတွေကို ကျွန်တော်လက်လှမ်းမီသလောက် ပြောခွင့်ပေးပါနော်"

"သိပ်ကောင်းတာပေါ့ မောင်ချစ်စရာရယ်။ ကျန်းမာရေး အသိပညာဆိုတာ ဖြန့်ဝေကောင်းပါတယ်။ တစ်ခုတော့ရှိတာပေါ့ကွယ်။ မှန်တဲ့အသိတော့ ဖြစ်ရမှာပေါ့။ ကဲ ကဲ. . . ဖိတ်စာဝေရဦးမယ် မဟုတ်လား။ သွားလိုက်ကြပေဦး"

"ဟုတ်ကဲ့ဆရာ"

မောင်ချစ်စရာနှင့် မောင်ပျာယာတို့လည်း ဖိတ်စာများပွေ့ပိုက်ကာ ပြန်သွားကြလေသည်။

ဟာရိတ၏ စာအုပ်လောက

ဗုဒ္ဓဘာသာဝင်များအတွက် လိုက်နာရန် ယဉ်ကျေးလိမ္မာကျင့်ဝတ်များ



ရေးသူ-ကောင်းမြတ်စိုး
စာအုပ်တိုက်-တက်နေထွန်း၊ တန်ဖိုး-ကျပ် ၁၅၀၀

ဗုဒ္ဓ၏ အဆုံးအမဩဝါဒများနှင့် ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရားတော်များကို လိုက်နာကျင့်ကြံကြခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ဖွယ် မိသားစုများနှင့် ကောင်းမွန်သော လူ့အဖွဲ့အစည်းပတ်ဝန်းကျင်ကို ဖြစ်ထွန်းပေါ်ပေါက်လာနိုင်စေပါသည်။ လူငယ်လူရွယ်များ ဘာသာ၊ စာရိတ္တ၊ ယဉ်ကျေးမှုအသိတရားတိုးပွားရေးအတွက် လိုအပ်သောစာအုပ်ဖြစ်ပါသည်။

ဆရာတော်ကြီး ၁၁ ပါးဟောကြားသော အရွယ်သုံးပါး ဘဝနေနည်း၊ သေနည်းနှင့်မသေနည်းတရားများ



စုစည်းပူဇော်သူ-မောင်မောင်အေး(MMA)
စာအုပ်တိုက်-ကြယ်ငါးပွင့်စာပေ၊ ဖုန်း-၀၁-၅၃၉၄၇၁
တန်ဖိုး-ကျပ် ၅၀၀

ဒေါက်တာကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)၊ ဒေါက်တာ အရှင်ဉာဏိဿရ (သီတဂူဆရာတော်)၊ ဒေါက်တာနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)၊ အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ဘဒ္ဒန္တအရှင်ဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)၊ ဓမ္မဒူတ ဒေါက်တာပညိဿရ၊ ဦးယောသိတ၊ အရှင်ဆန္ဒာဓိက (ရွှေပါရမီ)၊ အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ)၊ ဓမ္မကထိက အရှင်ပုညာနန္ဒနှင့် ဓမ္မဘေရီဆရာတော်တို့ဟောကြားသည့်တရား ၂၅ ပုဒ် အနှစ်ချုပ်တို့ကို စုစည်းပူဇော်ထားသောစာအုပ်ဖြစ်သည်။

ဇီးကွက်လာဘ်ကောင် အိမ်တိုင်းဆောင်



ရေးသူ-အောင်ကျော်မိုး
စာအုပ်တိုက်-မန္တမိစာပေ၊ တန်ဖိုး-ကျပ် ၅၀၀

ဇီးကွက်အားလာဘ်ကို သိတတ်မြင်တတ်ပြောတတ်သောလာဘ်ကောင်ဟု ဆိုကြသည်။ ဇီးကွက်၏ အော်မြည်သံကိုလည်း ကောင်းသောအတိတ်၊ ကောင်းသော နိမိတ်ကိုဆောင်သည့်အသံ၊ အောင်မြင်မည့်အသံဟု ဇီးကွက်အသံဓာတ်ကို ယူ၍ ပြောကြသည်။ မကြာမီ ကျင်းပတော့မည့် ဆီးဂိမ်းပြိုင်ပွဲကြီးတွင်လည်း မြန်မာ့လာဘ်ကောင်အရုပ်အဖြစ် ဇီးကွက်ကိုရွေးချယ်ထားသည်။ ဇီးကွက် လာဘ်ကောင် အယူအဆ၊ ဗဟုသုတများကို ရှာဖွေတင်ပြထားသော စာအုပ်ဖြစ်သည်။

မြန်မာပြည် ဇာတ်လမ်းရှုပ်သမျှ လောကဇာတ်ခုံ အဖုံဖုံအလီလီ

ရေးသူ-နန်းညွန့်ဆွေ၊ ကြည်ဦး
စာအုပ်တိုက်-နှစ်ကာလများ၊ ဖုန်း-၀၉-၇၃၀၂၇၆၆၉
တန်ဖိုး-ကျပ် ၄၀၀၀

မြန်မာစာပေပညာရှင် ဇနီးမောင်နှံတို့ရေးသားပြုစုခဲ့ကြသည့် စာအမျိုးအစားများစွာတို့အနက်မှ မဂ္ဂဇင်းများတွင် ဖော်ပြခဲ့ပြီးဖြစ်သောစာပေ၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့်ဘဝအတွေ့အကြုံဆောင်းပါးများကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။ အပိုင်း(၁) မြန်မာပြည်ဇာတ်လမ်းရှုပ်သမျှတွင် ဆောင်းပါး ၂၄ ပုဒ်၊ အပိုင်း(၂) လောကဇာတ်ခုံ အဖုံဖုံအလီလီတွင် ဆောင်းပါး ၁၁ ပုဒ်ပါဝင်ပြီး ဖတ်မငြီးသောစာများဟု ဆိုချင်ပါသည်။

ယူနစ်များအကြောင်း သိကောင်းစရာ

ရေးသူ-အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)
စာအုပ်တိုက်-ကျော်ညွန့်ရည်စာပေ
တန်ဖိုး-ကျပ် ၇၀၀

မြန်မာနိုင်ငံတွင် တိုင်းတာမှုအမျိုးမျိုးအတွက် ယူနစ်အမျိုးမျိုးကို သုံးစွဲလျက်ရှိသည်။ ယင်းသို့သုံးစွဲရာတွင်လည်း မြန်မာ့ရှေးရိုးယူနစ်များ၊ ဗြိတိသျှယူနစ်များနှင့် မက်ထရစ်စနစ်ယူနစ်များကို ရောထွေးသုံးစွဲလျက်ရှိသည်။ နိုင်ငံတကာနှင့် ဆက်ဆံရောင်းဝယ်မှု တိုးတက်များပြားလာသည်နှင့်အမျှ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီစေရန် နိုင်ငံတကာစံစနစ်ယူနစ်များကို ကျင့်သုံးရန် လိုအပ်လာသည်။ ဤစာအုပ်သည် နိုင်ငံတကာစံယူနစ်များကို နားလည်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ပြည်တွင်းသတင်း

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ သင်္ဘောကုန်တင် ကုန်ချလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်း

ရန်ကုန် မေ ၆

၂၀၁၃ ခုနှစ် မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ၊ သင်္ဘောကုန်တင်/ကုန်ချလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မေ ၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ညှိနှိုင်းအစည်းအဝေးကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ဦးဆောင်ပြီး အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ လေကြောင်းညွှန်ကြားမှု ဦးစီးဌာန၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံရင်နှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ တာဝန်ရှိသူများ၊ UMFCCI မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဆိပ်ကမ်းတံတားအသီးသီးမှ တာဝန်ရှိသူများ၊ သင်္ဘောလိုင်းအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာ့ကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MMMDA)၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်း (IFMA) တို့မှ တာဝန်ရှိသူများ၊ အကောက်ခွန် ဝန်ဆောင်မှုအသင်း (MCBA) နှင့် မြန်မာနိုင်ငံကုန်သေတ္တာယာဉ်ပိုင်ရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် အောက်ဖော်ပြပါအချက်များအတိုင်း နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း လုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်ဆိုင်ရာ သွင်းကုန်/ပို့ကုန်လုပ်ငန်းများကို ရုံးချုပ်၊ ဆိပ်ကမ်း၊ လေဆိပ်ကုန်လှောင်ရုံ၊ စက်လှေဆိပ်များတွင် မေ ၁၂ ရက်၊ ၁၃ ရက်၊ ၁၉ ရက်၊ ၂၀ ရက်များ၌ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၃ နာရီထိ ရုံးဖွင့်လှစ်ပြီး လုပ်ငန်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် ကုန်ပစ္စည်းများ ထုတ်ယူရေးအတွက် ကုန်ပစ္စည်းထုတ်ပေးခွင့်အမိန့် (Delivery Order) ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကိုယ်စားလှယ်လုပ်ငန်းဌာနက မေ ၁၂ ရက်၊ ၁၄ ရက်၊ ၁၆ ရက်၊ ၁၈ ရက်၊ ၂၀ ရက်တို့တွင် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီထိ ရုံးဖွင့်လှစ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် (MFTB) က မေ ၁၃ ရက်နှင့် ၁၈ ရက်တို့တွင် ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) က မေ ၁၈ ရက်တွင် ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကုန်သေတ္တာယာဉ်ပိုင်ရှင်များ အသင်းကလည်း ကုန်သေတ္တာသယ်ယာဉ် အလုံအလောက်ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မေ ၁၂ ရက်၊ ၁၃ ရက်များတွင်ဂိတ်သုံးဂိတ်ဖွင့်လှစ်ဆောင်ရွက်၍ မေ ၁၉ ရက်၊ ၂၀ ရက်များတွင် ဂိတ်အားလုံး ဖွင့်လှစ်ပေးမည်ဖြစ်သည်။

သက်ဆိုင်ရာ ဆိပ်ကမ်းများကလည်း တင်သွင်း/တင်ပို့မှုများအတွက် မေ ၁၂ ရက်၊ ၁၃ ရက်၊ ၁၉ ရက်၊ ၂၀ ရက်များတွင် လုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်ပေးမည်ဖြစ်ပြီး အရေးကြီး တင်ပို့/တင်သွင်း ဆောင်ရွက်ရန်ရှိပါက ဆိပ်ကမ်းသို့ ကြိုတင်အကြောင်းကြားပေးရမည်ဖြစ်သည်။

သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် ရုံးဖွင့်လှစ်ဆောင်ရွက်ပေးမည့် သတ်မှတ်ရက်များနှင့် အခြားရက်များတွင် အရေးကြီး တင်သွင်း/ တင်ပို့လိုပါက အကောက်ခွန်ဦးစီးဌာနသို့ မေ ၁၀ ရက် နောက်ဆုံးထား၍အကြောင်းကြားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ဥာဏ်မမီသူများ အားကစားအဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မေ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည့် အာရှပစိဖိတ်နိုင်ငံများဆိုင်ရာ ဉာဏ်ရည်မမီသူများ၊ အားကစားအဖွဲ့ ခေါင်းဆောင်များ ဆွေးနွေးပွဲတက်ရောက်ရန် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် National Director ဦးသိန်းဝင်းတို့အဖွဲ့သည် မေ ၄ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

သံတောင်ကြီးမြို့နယ် တရားရုံး ၉၅ ရာခိုင်နှုန်းပြီးစီး

သံတောင်ကြီး မေ ၆

တရားလွှတ်တော် တရားသူကြီးဦးသိန်းကိုကို၊ ပြည်နယ်တရားရေးဦးစီးမှူး ဦးအုန်းသောင်း၊ ဘားအံခရိုင် တရားသူကြီး ဦးအုန်းသွင်တို့သည် မတ် ၂၄ ရက် နံနက်က သံတောင်ကြီးမြို့နယ် တရားရုံးသစ်ဆောက်လုပ်နေမှုလုပ်ငန်းခွင်သို့ရောက်ရှိကြရာ မြို့နယ်တရားရုံးဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့ခေါင်းဆောင် မြို့နယ်တရားသူကြီး ဦးညိုဌေးနှင့်အဖွဲ့က တရားရုံးတည်ဆောက်နေမှုအဆင့်ဆင့်ကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြကြသည်။ တရားလွှတ်တော် တရားသူကြီးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးတည်ဆောက်သွားရန် မှာကြားသည်။ သံတောင်ကြီးမြို့နယ်တရားရုံးသည် Crown Advance Co,Ltd မှတာဝန်ယူတည်ဆောက်နေသော ရုံးသစ်အဆောက်အအုံဖြစ်ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ဆောက်လုပ်ကာ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော်တရားသူကြီးသည် တရားရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြည်သူများယုံကြည်ကိုးစားသော တရားရုံးများဖြစ်နေစေရန် အစဉ်တစိုက်ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။ **(၁၃၈)**

မေ ၅ ရက်က ပဲခူးမြို့ ပဲခူး-ရန်ကုန်လမ်းမကြီး အဝေးပြေးယာဉ်ဝင်းအနီး ပဲခူးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ရဲအုပ်အောင်နိုင်ဦးစီးပြီး ပဲခူး-ရန်ကုန်ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရန် လှည့်ကင်းမော်တော်ယာဉ်ဖြင့် ပညာပေးဆောင်ရွက်စဉ်။ စိုးဝင်း(ပဲခူး)

စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှု အီးယူကျွမ်းကျင်မှုကြည့်ရှု

ရန်ကုန် မေ ၆

ဥရောပအီးယူ ရွေးကောက်ပွဲအထောက်အကူပြုအဖွဲ့ EU-EST မှ ကျွမ်းကျင်သူ Xavier Noc သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းလိုက်ပါပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း စမ်းသပ်သန်းခေါင်စာရင်းကောက်ယူနေသော လမ်းမတော်မြို့နယ်(၅)ရပ်ကွက်ရှိ စမ်းသပ်သန်းခေါင်စာရင်းရပ်ကွက်ကော်မတီရုံးရှိရာ ၁၁ လမ်း အမှတ် ၆၄ အဆောက်အအုံသို့ မေ ၅ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ရောက်ရှိလာပြီး စာရင်းကောက်၊ စာရင်းစစ်များနှင့် တွေ့ဆုံကာ သိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ရပ်ကွက်အတွင်းရှိ ကောက်ကွက်အမှတ် (၅) ၁၁ လမ်းအမှတ် (၅) ခု မြေညီထပ်နှင့် ကောက်ကွက်အမှတ် (၄) လှည်းတန်းလမ်းအမှတ် (၃၀) မြေညီထပ်များတွင် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူနေမှုများကို ကွင်းဆင်းကြည့်ရှုလေ့လာခဲ့ကြောင်း၊ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှုနှင့်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်းကောက်ယူခြင်းတို့ ဆက်နွယ်မှုနှင့်ပတ်သက်၍ ပြည်သူများအမြင်ကို မေးမြန်းမှတ်သားကြောင်း သိရသည်။ **ခင်ဆိုင်**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ



ပြည်တွင်းသတင်း

နိုင်ငံသားများ၏ မူလအခွင့်အရေး ဒီမိုကရေစီအရေး လူ့အခွင့်အရေးများကို လျစ်လျူပြုပြီး ခွဲခြားဆက်ဆံခြင်း၊ အနိုင်အထက်ပြုမှုခြင်း၊ တရားဥပဒေမဲ့ပြုခြင်းများကြောင့် မကြာသေးခင်က ဖြစ်ပေါ်ခဲ့သောဖြစ်စဉ်ဖြစ်ရပ်များ၊ လုပ်ရပ်များကို လွှတ်တော်များက လက်မခံ ရှုတ်ချ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လွှတ်တော်သို့ လာရောက်လေ့လာသည့် ဘက်စုံပညာထူးချွန်လူငယ်များနှင့် မွန်ပြည်နယ် လူငယ်လေ့လာရေးအဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၉ နာရီတွင် လွှတ်တော်သို့ လာရောက်လေ့လာသည့် ဘက်စုံပညာထူးချွန်လူငယ်များနှင့် မွန်ပြည်နယ် လူငယ်လေ့လာရေးအဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ တွေ့ဆုံ၍ နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြောကြားရာတွင် လွှတ်တော်ကို လာရောက်လေ့လာကြသော ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် လေ့လာကြသူ မောင်မယ်အပေါင်းတို့အား လွှတ်တော်က ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်းနှင့် လွှတ်တော်ကို အလေးထားလေ့လာကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယနေ့အချိန်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီစနစ်နှင့်ဈေးကွက်စီးပွားရေးစနစ်ကိုတည်ဆောက်လျက်ရှိကြောင်း။

ရွေးကောက်ပွဲတွင် အနိုင်ရရှိလာသော ပြည်သူ့ကိုယ်စားလှယ်များ (အမတ်များ) ဖြင့် လွှတ်တော် (ပါလီမန်)များကို ဖွဲ့စည်းပြီး ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် စေတနာထား ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊စေတနာသဒ္ဓါထက်သန်စွာ ဆောင်ရွက်နေကြသော်လည်း ဆောင်ရွက်ဖွယ်ရာတွေ များစွာရှိနေသေးပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်များအနေဖြင့် ယခုထက်ပိုသော ဖွဲ့လုံ့လ၊ ဝီရိယများ၊ အရည်အချင်းကောင်းများဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်နေပါသေးကြောင်းလည်း ဝန်ခံပြောဆိုလိုပါကြောင်း၊ ထို့အတူ စေတနာ သဒ္ဓါကောင်းများဖြင့် ပြည်ထောင်စု နိုင်ငံတော်နှင့် နိုင်ငံသား အကျိုးစီးပွားအတွက် အဓိကထား ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းကိုလည်း လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ကတိပေးပြောကြားလိုပါကြောင်း။

မိမိတို့ ကမ္ဘာတွင် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသည် သူ့နည်းသူ့ဟန် သူ့နိုင်ငံနှင့် လိုက်လျောညီထွေရှိသော ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေကြတာ တွေ့ရလိမ့်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်သည် ကမ္ဘာတွင် အကောင်းဆုံးစနစ်ဟု မပြောဆိုနိုင်ကြသေးသော်လည်း ကမ္ဘာတွင် အများဆုံးလက်ခံကျင့်သုံးနေသည့် စနစ်ဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံအား တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်ဆိုပါက ဒီမိုကရေစီနိုင်ငံရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကို စနစ်တကျ ကျင့်သုံးသွားကြရမည် ဖြစ်ကြောင်း။

ယနေ့ ယခုနှင့်နောက်အနာဂတ် အတွက် အားကိုးအားထားပြုကြရမည့်သူများမှာ မောင်တို့ မယ်တို့ကဲ့သို့ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များသာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ဆိုသည်မှာ ဘာလဲ၊ ဒီမိုကရေစီ အလေ့အကျင့်ဆိုသည်မှာ ဘာလဲဆိုသည်ကို ခွဲခွဲခြားခြားသိရှိနားလည်ပြီး အမှန်တကယ် လက်တွေ့နယ်ပယ်တွင် ကျင့်သုံးနိုင်ရေးကို အလေးပေး အလေးထား ဆောင်ရွက်နေကြရန် လိုအပ်ပါကြောင်း။

ဒီမိုကရေစီခေတ်တွင် ဒီမိုကရေစီစကားများ၊ ဒီမိုကရေစီအရေးများ တွင်တွင်ပြောနေကြပြီး တစ်ချိန်တည်းမှာပင် ဒီမိုကရေစီ အနိုင်ကျင့်မှု၊ အကျပ်ကိုင်မှု၊ အလွဲသုံးမှုများကြောင့် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် အနှောင့်အယှက် အဟန့်အတား အခက်အခဲများစွာကြုံတွေ့နေရတာများကိုလည်း ဝမ်းနည်းစွာ တွေ့မြင်နေရကြောင်း။

နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးကိုလျစ်လျူပြုပြီး ခွဲခြားဆက်ဆံခြင်း၊ အနိုင်အထက်ပြုမှုခြင်း၊ တရားဥပဒေမဲ့ပြုခြင်းများကြောင့် မကြာသေးခင်က ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များ၊ လုပ်ရပ်များကို လွှတ်တော်များက လက်မခံပါကြောင်းနှင့် ရှုတ်ချပါကြောင်း အသိပေးပြောကြားလိုပါကြောင်း၊ မည်သည့်အကြမ်းဖက်အနိုင်ကျင့်မှုမျိုးကိုမဆို ပြည်သူများက လက်မခံသကဲ့သို့ လွှတ်တော်များကလည်း လက်ခံမည်မဟုတ်ကြောင်းကို အသိပေးလိုပါကြောင်း၊ ထို့ကြောင့် လွှတ်တော်အတွင်း ဖွဲ့စည်းထားသော တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ (၃)ရပ်တို့သည် အချင်းချင်းပူးပေါင်းဆောင်ရွက်ပြီး သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တရားရေးရာ အဖွဲ့အစည်းများနှင့် အပြန်အလှန်ထိန်းကျောင်းပူးပေါင်း ဆောင်ရွက်သွားကြရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့မှသာ နောင်တွင် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်းကောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ရန် အတွက်လည်းကောင်း၊ နိုင်ငံတော်အတွင်းရှိ နိုင်ငံသားများ ငြိမ်းချမ်းစွာနှင့် ဘဝလုံခြုံမှုပြည့်ဝစွာ နေထိုင်နိုင်ကြရန်အတွက်လည်းကောင်း ပြည်သူများ၏ ကိုယ်စားလှယ်များက ပြည်သူ့အတွက် နိုင်ငံ့အတွက် အကျိုးပြုဆောင်ရွက်နိုင်ကြမည် ဖြစ်ကြောင်း။

စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုသော ဆောင်ပုဒ်သည် အခြေခံပညာကျောင်းများတွင် ထင်သာမြင်သာရှိအောင် ရေးထားသည့် ဆောင်ပုဒ်များဖြစ်ပြီး စိတ်ဓာတ်ကောင်းအောင် စည်းကမ်းရှိအောင် ပညာတတ်အောင် သင်ကြားသင်ယူရန် ဖော်ညွှန်းထားခြင်းဖြစ်ကြောင်း၊ ပြည့်စုံအောင်ရယူကြစေလိုကြောင်း၊ အထူးသဖြင့် ယခုလိုကာလမျိုးတွင် စည်းကမ်းလိုက်နာကြရန် အရေးကြီးကြောင်း၊ စည်းကမ်းသည် ဥပဒေနှင့်တစ်ဆက်တည်း ဖြစ်ကြောင်း၊ တရားမျှတသော စည်းကမ်းနှင့် ဥပဒေများကို လေးစားလိုက်နာခြင်းသည် ကြီးမားသော တန်ဖိုးနှင့် ဂုဏ်သိက္ခာရှိကြကြောင်း၊ လူတိုင်းအတွက်လည်း အန္တရာယ်ကင်းနိုင်ပါကြောင်း၊ လုံခြုံမှုလည်းရှိပါကြောင်း၊ ထို့အပြင် သဘောထားအမြင်မတူသည့်သူများအပေါ်တွင် နားလည်မှုရှိရန် ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ပြုစုထားပါမှ မိမိတို့လိုလူမျိုးပေါင်းစုံ နေထိုင်သောနိုင်ငံအတွက် အနာဂတ်သည် လှပမည်ဖြစ်ပါကြောင်း။

တကယ့်နိုင်ငံသားကောင်းများသည် နိုင်ငံတော်အပေါ် သစ္စာရှိပြီး မိမိယုံကြည်ကိုးကွယ်သည့် ဘာသာနှင့်မိမိတိုင်းပြည်အတွက်အကောင်းဆုံး အလုပ်လုပ်ကြရသူများဖြစ်ကြောင်း၊ လူအချင်းချင်း ချစ်ခင်ရင်းနှီးစွာပေါင်းသင်းပြီး ပူးပေါင်းဆောင်ရွက်တတ်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် တာဝန်သိမှုနှင့် လွတ်လပ်မှုကို ဟန်ချက်ညီညီကျင့်သုံးပြီး လူသားပီသသော လူသားအဖြစ် မိမိကိုယ်ကို လေ့ကျင့်တည်ဆောက်နေကြရမည်ဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် စနစ်ပြောင်းသွားပြီဖြစ်ကြောင်း၊ ခေတ်လည်းပြောင်းလဲနေပြီဖြစ်ကြောင်း၊ ခေတ်စနစ်ပြောင်းလဲတိုးတက်မှုနှင့်အညီ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများကို အလေးထားဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေများလည်း ရေးဆွဲလျက်ရှိကြောင်း၊ ယနေ့အချိန်အခါတွင် မျိုးဆက်သစ်လူငယ်များ၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေးအတွက် ပြည်သူ့နီတိ၊ လောကနီတိသင်ခန်းစာများ၊ ဒီမိုကရေစီစိတ်ထား၊ ဒီမိုကရေစီကျင့်စဉ်နှင့် ဆက်နွယ်နေသော လူ့အခွင့်အရေး၊ လူ့အခွင့်အလမ်းများကို ပညာရေးသင်ခန်းစာများတွင် သင်ကြားပေးပြီး ကျောင်းသားများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် ပညာရေးတို့ အချိုးညီပြည့်ဝလာစေရန် လိုအပ်ကြောင်း၊ လူမှုစီးပွားရေးနယ်ပယ်တွင် ခိုင်မာစွာရပ်တည်ရှင်သန်နိုင်မည့် တွေးခေါ်ကျင့်ကြံပြုမူနေထိုင်တတ်သည့် အရည်အချင်းများပြည့်ဝလာစေရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံသားကောင်းတစ်ယောက်၏ အရည်အသွေးနှင့် အရည်အချင်းများ ပြည့်ဝစွာ ရရှိရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီ နိုင်ငံသားတစ်ဦး၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံရေးအတွက် တာဝန်သိခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံဆောင်ရွက်ခြင်း၊ အများစု၏ ဆန္ဒအား အားလုံးက လိုက်နာဆောင်ရွက်ခြင်း၊ အနည်းစု၏ ဆန္ဒကို အလေးထားခြင်းများကိုလည်း နားလည်လက်ခံ ကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ငယ်ရွယ်စဉ်အခါက စတင်ပျိုးထောင်ဆောင်ရွက်နေခြင်းသည် မိမိအတွက် အများအတွက် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းပြီး နိမ့်ကျနောက်ကျနေသော မိမိတို့နိုင်ငံအား ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ငံအဖြစ် ရောက်ရှိရေးအတွက် ဖြစ်ကြောင်း၊ မောင်တို့မယ်တို့၏ စိတ်စေတနာနှင့် အရည်အချင်းများဖြင့် ပါဝင်ဆောင်ရွက်ပေးနိုင်ကြပါစေကြောင်း ဆန္ဒပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးငွေဦးက အမှာစကားပြောကြားပြီး ဘက်စုံပညာထူးချွန်လူငယ်များ ကိုယ်စား ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ် ကိုယ်စားပြု ကျောင်းသူမအိအိသဥ္ဇာကျော်နှင့် မွန်ပြည်နယ် လူငယ်လေ့လာရေးအဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် ဦးဝင်းနိုင်ဦးတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ရှင်းလင်းပြသ

ထို့နောက် လွှတ်တော်ရုံးတာဝန်ရှိသူများမှ လွှတ်တော်ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြားကာ လွှတ်တော်အတွင်း လိုက်လံရှင်းလင်းပြသပေးခဲ့သည်။ **(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

ငါးကန်များပိုင်ရှင် ဦးဝင်းက မြန်မာ့အလင်းသို့ပြောပြခဲ့သည်။

ပိုမိုတွေ့ကြုံလာနိုင်

ထိုဆွေးနွေးပွဲ၌ မြန်မာနိုင်ငံတွင် ငါးမွေးမြူကြရာ၌ ငါးမြစ်ချင်း၊ ငါးကြင်း စသည်တို့မှာ ရောင်းတမ်းဝင်သည်အထိ အချိန်ကြာမြင့်စွာပေးရပြီး ကာလကြာမြင့်သည့်အတွက် သဘာဝဘေးအန္တရာယ်နှင့် ပိုမိုတွေ့ကြုံလာနိုင်ကြောင်း၊ ရောဂါကျရောက်မှု ပိုလာသည့်အတွက် ဆုံးရှုံးမှုများလည်း ပိုလာနိုင်ကြောင်း ဒေါက်တာတိုးနန္ဒာတင်က ဆိုခဲ့သည်။

ရောင်းတမ်းဝင်

ယခုအခါ ကန်ငါးမွေးမြူရေးတွင် တီလားပီးယားငါးမျိုးမှာ သက်တမ်းတိုအတွင်း ရောင်းတမ်းဝင်ငါးများဖြစ်လာပြီး ပြည်တွင်းဈေးကွက်၌ ကျယ်ပြန့်မှုရှိလျက် ပြည်ပဈေးကွက်ပါ အရောင်းအဝယ်ရှိလာကြောင်း သိရသည်။

❍ *ကျောဖုံးမှ*

ကျွန်မကတော့ အများကြီးကို ဝမ်းသာပါတယ်၊ ရွာပြန်ရောက်ရင် ဆွေမျိုးတွေနဲ့ အပေါင်းအသင်းတွေကိုဒီသတင်းပြောပြရဦးမယ်၊ အခုလို ကျွန်မတို့ပြည်သူတွေ ဆေးရုံတက်တဲ့အခါ ဆေးဝါးပစ္စည်းခကုန်ကျမှု သက်သာအောင် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ ကုသစောင့်ရှောက်ပေးတဲ့ ဆရာဝန်ကြီးနဲ့ ဆရာမများကို ကျေးဇူးတင်ရှိပါတယ်”ဟု ပြောကြားသည်။

မြင့်သိန်းစိုး(ပုံတောင်မြေ)

● *ကျောဖုံးမှ*

၄၆ ကီလိုတန်းတွင် စင်ကာပူမှ ကန်ပန်ချောင်က ပထမ၊ ကမ္ဘောဒီးယားမှ ငေါင်ကင်ဟန်က ဒုတိယ၊ မြန်မာမှ ဇော်မိုးအောင်နှင့် ဗန်နီလိုင်အုတ်တို့ကပူးတွဲတတိယရရှိသည်။ ၁၂၀ ကီလိုတန်းတွင် စင်ကာပူမှ ဒူလာထရမ်က ပထမ၊ မြန်မာမှ မဲကျော်အောင်က ဒုတိယ၊ မြန်မာမှ ဖြိုးဇော်နိုင်က တတိယရရှိသည်။ ယနေ့ကျင်းပသည့် အမျိုးသားပြိုင်ပွဲပွဲစဉ်များတွင် ဗီယက်နမ်က ရွှေတံဆိပ်ခြောက်ခုရပြီး စင်ကာပူက ရွှေတံဆိပ်နှစ်ခုရရှိသည်။မြန်မာအသင်းသည် ငွေတံဆိပ် သုံးခုရရှိပြီး ကြေးတံဆိပ် ငါးခုရရှိသည်။

ဒုတိယရရှိ

Free Style ပြိုင်ပွဲတစ်မျိုးသာရှိသည့် အမျိုးသမီးပြိုင်ပွဲတွင် ၄၈ ကီလိုတန်း၌ ဗီယက်နမ်မှ ဗူသီမိုင်က ပထမ၊ ကမ္ဘောဒီးယားမှ ချော့ဗ်ဆိုသီယာရာက ဒုတိယ၊ မြန်မာမှ သပြေက တတိယ ရရှိပြီး ၅၁ကီလိုတန်းတွင် ဗီယက်နမ်မှ ဒေါင်သီကင်အွန်က ပထမ၊ ထိုင်းမှ မာလီဝန်က ဒုတိယ၊ ကမ္ဘောဒီးယားမှ ဒွန်ခရေမိုယာကတတိယရပြီးမြန်မာမှကေသီခိုင်နှင့် နှင်းစုလှိုင်တို့မှာ စတုတ္ထနှင့် ပဉ္စမနေရာတွင် ရပ်တည်ခဲ့ကြသည်။ ၅၅ ကီလိုတန်းတွင် ဗီယက်နမ်မှ ဖန်သီဟွေးက ပထမ၊ မြန်မာမှ ကြူကြူသိန်းက ဒုတိယရရှိသည်။

ခြောက်ခုရရှိထား

ပထမနေ့ပွဲစဉ်များ အပြီးတွင် အမျိုးသားအမျိုးသမီးပြိုင်ပွဲနှစ်ရပ်ပေါင်း၌ ဗီယက်နမ်အသင်းသည် ရွှေတံဆိပ်ရှစ်ခုရရှိထားပြီး စင်ကာပူအသင်းက ရွှေတံဆိပ်နှစ်ခုရရှိထားသည်။ ထိုင်းအသင်းနှင့် မြန်မာ

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် အစီအမံများချမှတ်ဆောင်ရွက်

နေပြည်တော် ဧပြီ ၆

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက ယခုအစည်းအဝေးတွင် ဒုက္ခသည်များအားလုံး မိုးမကျမီ ယာယီအမိုးအကာအောက်သို့ ရောက်ရှိရေး၊ ရေနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ ကျောင်းဖွင့်ချိန်တွင် ပညာသင်ကြားနိုင်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် အစီအမံများချမှတ် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက ချမှတ်ဖွဲ့စည်းပေးသော လုပ်ငန်းကော်မတီ(၇)ခုဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသား စိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်း ကော်မတီတို့၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို အသေးစိတ် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ်ဖြစ်စဉ်များတွင် ထိတွေ့ခံစားရသော ရွှေ့ပြောင်းဒုက္ခသည်များအတွက် မိုးရာသီ မကျရောက်မီ ယာယီတဲတန်းလျားကြီးများ ဆောက်လုပ်ပေးရန်လိုအပ်မှု၊ ဆောက်လုပ်ပြီးစီးမှု၊ ဆောက်လုပ်နေဆဲနှင့် ဆောက်လုပ်ရန်ကျန်ရှိမှုအပေါ် မြေနေရာချထားပေးမှု၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Ashok Nigam က ရခိုင်အရေးကိစ္စနှင့် ပတ်သက်၍

ရခိုင်ပြည်နယ် တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေး လုပ်ငန်း ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဓိကပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန်အချက်များဖြစ်သည့် မိုးမကျမီ ယာယီတဲကြီးများ ဆောက်လုပ်နိုင်ရေးအတွက် ရေမဝင်နိုင်သည့် မြေနေရာရရှိရေး၊ နိုင်ငံသားစိစစ်ရေး လုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်နိုင်ရေး၊ အရေးပေါ် အသက်ကယ်နိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ယာယီစာသင်ကျောင်းဆောင်၊ သင်ထောက်ကူပစ္စည်းနှင့် ဆရာ ဆရာမများ စီမံပေးရေး၊ ဒုက္ခသည်စခန်းရှိ မိသားစုများအားလုံး မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ပြုလုပ်နိုင်ရန် ဆောင်ရွက်ပေးရေး၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့မှဦးဆောင်၍ စစ်တွေတွင် ဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေးဌာနကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကြီးကြပ်ဆောင်ရွက်ပေးရေး၊ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ခရီးသွားလာမှု၊ ဗီဇာကိစ္စအတွက် တစ်နေရာတည်းမှ လျင်မြန်သွက်လက်စွာ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေမျိုးဖန်တီး ဆောင်ရွက်ပေးရေး၊ အစိုးရနှင့် ဘာသာရေး ခေါင်းဆောင်ပိုင်းမှ လွတ်လပ်စွာသွားလာနိုင်ရန် ဝိုင်းဝန်းကူညီပေးရေး၊ လိုအပ်သည့်ငွေကြေးအတွက် UN, INGO အဖွဲ့များမှ ဝိုင်းဝန်း အကူအညီပေးရေးနှင့် အစိုးရဘက်မှ လိုအပ်ချက်များ အဆိုပြုတင်ပြနိုင်ရေးတို့ကို ဆွေးနွေးခဲ့ပြီး UNHCR မှ မြေပုံနှင့် ပေါက်တောတို့တွင် ဆောက်လုပ်ရန်လိုအပ်သော ယာယီတဲတန်းလျားများအပြင် စစ်တွေအတွက် ထပ်မံလိုအပ်မည့် ယာယီတဲတန်းလျားများ ဆောက်လုပ်ရန်လိုအပ်သော ရန်ပုံငွေရရှိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ပြည်နယ်အစိုးရမှ တာဝန်ယူဆောက်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသော ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ၎င်းတို့ ဆန်းစစ် လေ့လာတွေ့ရှိချက်နှင့် ဖြေရှင်းဆောင်ရွက်နိုင်ရေး အကြံပြုချက်များကို သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

▲ *ကျောဖုံးမှ*

အောင်မြင်ဖြစ်ထွန်းအောင် တိုးမြှင့်လုပ်ဆောင်နေမှုအခြေအနေများကို ဆွေးနွေးရှင်းလင်းပြောကြားကြပြီး မြန်မာနိုင်ငံနှင့် ဟိုင်နန်ပြည်နယ်တို့သည် မဝေးကွာသောခရီးမျှသာဖြစ်၍ မြန်မာနိုင်ငံနှင့် ဟိုင်နန်ပြည်နယ်အကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး၊ ဟိုင်နန်-ရန်ကုန် လေကြောင်းလိုင်း ဖွင့်လှစ်နိုင်ရေးနှင့် ရန်ကုန်မြို့နှင့် စန်းယမြို့ကို ညီအစ်မမြို့တော်အဖြစ် သတ်မှတ်ရေး၊ စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဟိုင်နန်ပြည်နယ်မှထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများကို မြန်မာနိုင်ငံသို့ လာရောက်မိတ်ဆက်ခင်းကျင်းပြသရေး၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်နှင့် သစ်တောထွက်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်ရေးလုပ်ငန်းတွင် အသေးစားနှင့်အလတ်စား စက်ရုံများ တည်ဆောက်ပြီး လာရောက်ရင်းနှီးမြှုပ်နှံရေး၊ အသေးစားငွေကြေးလုပ်ငန်းတွင် နည်းစနစ်များ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ပညာသင်များ စေလွှတ်ပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တရုတ်နိုင်ငံ ကွမ်းရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zhang Xiaoqin အား ဆက်လက်လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် ဖော်ဆောင်နေသည့်ရေနက်ဆိပ်ကမ်းများနှင့် အထူးစီးပွားရေးဇုန်များ တည်ဆောက်လုပ်ကိုင်နေမှု အခြေအနေများတွင် ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ကွမ်းရှီးကျွမ်းဒေသမှ စီးပွားရေးလုပ်ငန်းရှင်များလာရောက်လေ့လာရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် နန်နင်း-ရန်ကုန်လေကြောင်းလိုင်းပုံမှန်ပြေးဆွဲရေး၊ လာမည့်စက်တင်ဘာလတွင် ကွမ်းရှီးကျွမ်းဒေသ နန်နင်းမြို့၌ကျင်းပမည့် (၁၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ယခင်နှစ်များကဲ့သို့ ပူးပေါင်းပါဝင်တက်ရောက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ဆက်ဆံရေးတွင် နန်နင်းမြို့သည် အဓိကနေရာ မှပါဝင်နေမှု အခြေအနေများနှင့် နန်နင်းမြို့၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းကိုနိုင်ငံတကာပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့

နေပြည်တော် ဧပြီ ၆

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို နိုင်ငံတကာပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က ယနေ့ ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ယနေ့ ညနေ ၃ နာရီတွင် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ တွေ့ဆုံစဉ် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးက အဆိုပါဥပဒေကြမ်းကို နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှု အခြေအနေများ၊ ပြည်တွင်းရှိ စာနယ်ဇင်းအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကြံပြုချက်များ၊ ဥပဒေကြမ်းပါ အချက်အလက်များနှင့် နိုင်ငံတကာစံနှုန်းများ နှိုင်းယှဉ်တွေ့ရှိမှုများကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ ထပ်မံအကြံပြုတင်ပြမည့်အချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးတို့က ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဖြည့်စွက်ပြင်ဆင်ချက်များ၊ အကြံပြုချက်များကို သတ်မှတ်ရက်အတွင်း ပေးပို့တင်ပြသွားမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် UNESCO တို့ ပူးပေါင်း၍ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းအား ဆွေးနွေးညှိနှိုင်း

ရန်ကုန် ဧပြီ ၆

ပြန်ကြားရေးဝန်ကြီးဌာနနှင့် UNESCO တို့ပူးပေါင်း၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းအပေါ် သုံးသပ်အကြံပြု ဆွေးနွေးပွဲတစ်ရပ်ကို ဧပြီ ၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့်တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အားကစားယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ကော်မတီတို့မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လေးဦး၊ ပြည်တွင်းရှိ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာ မီဒီယာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မီဒီယာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် UNESCO, UNDP တို့မှ တာဝန်ရှိသူများ ပေါင်း ၃၉ ဦးတက်ရောက်ကြသည်။

ထုတ်ပြန်ဖြန့်ဝေ

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ဥပဒေကြမ်းအပေါ် ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) တို့၏ သဘောထားများကို ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာကြသူများက ဖြုတ်ပယ်သင့်သည်များ၊ ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ညှိနှိုင်းဆွေးနွေးကြသည်။ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဆွေးနွေးညှိနှိုင်းချက်များအပေါ် သုံးသပ်၍ လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ အကြံပြုတင်ပြသွားမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲနှင့် ပတ်သက်၍ဆက်လက်ဆောင်ရွက်ရန် အကြံပြုချက်များနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနမှ နိုင်ငံတကာစံများနှင့်ညီအောင် ဥပဒေကြမ်းကို ယခုကဲ့သို့ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်မည့်အပေါ် တက်ရောက်သူများက ထောက်ခံအားပေးပြီး ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆုံးဖြတ်ချက်ကို ဧပြီ ၄ ရက်တွင် UNESCO မှ ထုတ်ပြန်ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသင်းတို့သည် ငွေတံဆိပ်လေးခုစီရရှိထားပြီး မြန်မာအသင်းမှာ ပူးတွဲကြေးတံဆိပ်များမပါ ကြေးတံဆိပ်ခြောက်ခုရရှိထားသည်။

ဆီးဂိမ်းပြိုင်ပွဲအကြို ဖိတ်ခေါ်နပန်းပြိုင်ပွဲကို နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီ၊မွန်းလွဲ ၂ နာရီ ညနေ ၄ နာရီ အထိကျင်းပလျက်ရှိရာ စိတ်ပါဝင်စားသူများအနေဖြင့် ဝင်ကြေးသုံးထောင်ကျပ်ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

စာပေမြင့်မှ လူမျိုးတင့်မည်

တနင်္သာရီတိုင်းဒေသကြီးနယ်မြေ မြန်မာ – ထိုင်းနယ်စပ်အနီးတစ်နေရာတွင် ပစ်ခတ်မှုအနည်းငယ်ဖြစ်ပွား

နေပြည်တော် ဧပြီ ၆

၂၀၁၃ ခုနှစ် ဧပြီ ၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးနယ်မြေ မြန်မာ-ထိုင်းနယ်စပ်အနီးတစ်နေရာ၌ မိမိတပ်မတော်နယ်စပ်ဒေသလုံခြုံရေးအဖွဲ့တစ်ဖွဲ့နှင့် စိစစ်ဆဲအဖွဲ့တစ်ဖွဲ့ ရုတ်တရက်တွေ့ဆုံ၍ ပစ်ခတ်မှုအနည်းငယ်ဖြစ်ပွားခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုမရှိကြောင်းနှင့် နယ်မြေခံစစ်ကြောင်းများဖြင့် ရှင်းလင်းရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားနိုင်ငံ၌ ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံခြားရေးဒုတိယဝန်ကြီးက အင်ဒိုနီးရှားသံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံ

နေပြည်တော် ဧပြီ ၆

ဧပြီ ၅ ရက် နံနက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ မီဒန်းမြို့ရှိ လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်း၌ ရိုဟင်ဂျာဆိုသူအချို့နှင့် မြန်မာဒုက္ခသည် ၁၂ ဦးတို့ ခိုက်ရန်ဖြစ်ပွားခဲ့ရာ မြန်မာရှစ်ဦးသေဆုံးပြီး နှစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်သည် ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန၌ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး Mr. Sebastianus Sumarsono အား ခေါ်ယူတွေ့ဆုံပြီး မီဒန်း၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်ခိုက်ရန်ဖြစ်ပွားမှုတွင် မြန်မာနိုင်ငံသားများ အသက်ဆုံးရှုံးရသည့်အတွက် မြန်မာအစိုးရအနေဖြင့် အထူးစိုးရိမ်ပူပန်မိကြောင်း၊ ဤကိစ္စနှင့်စပ်လျဉ်း၍ ဖြစ်ရပ်မှန်ကို အမြန်ဆုံးဖော်ထုတ်ပေးရန်၊ ပြစ်မှုကျူးလွန်သူများအား အရေးယူပေးရန်နှင့် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ လုံခြုံရေးအတွက် အထူးဂရုစိုက်ဆောင်ရွက်ပေးရန် အင်ဒိုနီးရှားအစိုးရအား တောင်းဆိုကြောင်း ပြောကြားပြီး သတိထောက်လှမ်းကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ဘက်စုံပညာထူးချွန်လူငယ်များ ပခုက္ကူ၌ လေ့လာ

ပခုက္ကူ ဧပြီ ၆

ဘက်စုံပညာထူးချွန်စွာဖြင့် နိုင်ငံ့ဂုဏ်မြင့်တင်ဂုဏ်ဆောင်ကြမည့် သားကောင်းမောင်မယ် ၁၇၀ တို့သည် ကြီးကြပ်သူများ လိုက်ပါလျက် ပုဂံအပန်းဖြေစခန်းမှ ဧပြီ ၄ ရက် နံနက်တွင် ပခုက္ကူမြို့သို့ ထွက်ခွာလာရာ အရှည်မိုင် ၂ ဒသမ ၁၆ မိုင် ရှည်လျားသော ဧရာဝတီမြစ်ကူးတံတား(ပခုက္ကူ)ကို သွားရောက်လေ့လာပြီး ပခုက္ကူမြို့ အမှတ် (၁၅)ရပ်ကွက်ရှိ သက္ကရာဇ် ၄၇၇ ခုနှစ်တွင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး ပင့်ဆောင်တည်ထားကိုးကွယ်ခဲ့သော သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးသို့ ဝင်ရောက်ဖူးမြော်လေ့လာကြသည်။

လေ့လာ

ထိုမှတစ်ဖန် အမှတ်(၁)ရပ်ကွက်(ဗုဒ္ဓကုန်း)ရှိ သာသနာသက္ကရာဇ် ၂၁၈ တွင် သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရွှေမုဋ္ဌောစေတီတော်မြတ်အား သွားရောက်ဖူးမြော်လေ့လာကြပြီး ရေစကြိုမြို့နယ် ပခန်းကြီးဒေသရှိ စည်သူရှင်ဘုရားနှင့် ပခန်းကျောင်းတော်ကြီးကို သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကယ်ဆယ်ရေးစခန်းမှ ဒုက္ခသည်များအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းလှူ

ရမည်းသင်း ဧပြီ ၆

ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာအထကတွင် ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းသို့ ဧပြီ ၄ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ သွားရောက်ပြီး ကယ်ဆယ်ရေးစခန်းမှ ဒုက္ခသည်များ၏ ချက်ပြုတ်စားသောက်နေထိုင်မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကြည့်ရှုစစ်ဆေးပြီး အလှူငွေများနှင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းရှိ ဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများက အလှူငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်းလျက်ရှိရာ ဧပြီ ၅ ရက်တွင် အလှူရှင် ဦးစန်းဝင်း-ဒေါ်စန်းစန်းမြင့်(မြို့တော်ဘီစကစ်၊ မန္တလေး)က ဘီစကစ်မုန့် တန်ဖိုးငွေကျပ်တစ်သိန်းနှင့် အလှူငွေကျပ်နှစ်သိန်း၊ ဦးခင်မောင်သန်း-ဒေါ်ထွေးထွေး (မြဂုဏ်ရောင်အထည်ဆိုင်၊ ဈေးချို၊ မန္တလေး)က အဝတ်အစား ၂၀၄ ထည် (တန်ဖိုးငွေကျပ် ၈၁၆၀၀၀) နှင့် မုန့်မျိုးစုံတန်ဖိုး ငွေကျပ် ၃၃၀၀၀ ခန့်၊ ICT ဆောက်လုပ်ရေး(မန္တလေး)က အလှူငွေကျပ်နှစ်သိန်း၊ သီလရှင်စာသင်တိုက်(မန္တလေး)က အလှူငွေ ကျပ်သုံးသိန်းတို့ကို လှူဒါန်းကြသည်။

ကယ်ဆယ်ရေးစခန်းသို့ လာရောက်လှူဒါန်းကြသည့် အလှူရှင် ၅၉ ဦး၏ လှူဒါန်းမှုစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၄၉၃၅၆၅၀ ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့အတွင်း တရားမဝင်သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိ

စစ်ကိုင်း ဧပြီ ၆

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ် သစ်တောဦးစီးဌာနများမှ ဝန်ထမ်းများသည် မတ် ၂၅ ရက်မှ ၃၁ ရက်အထိ တရားမဝင်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖမ်းဆီးခဲ့ရာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်၊ တန့်ဆည်မြို့နယ်၊ ရေဦးမြို့နယ်၊ ကလေးခရိုင် မင်းကင်းမြို့နယ်၊ ကလေးဝမြို့နယ်၊ မုံရွာခရိုင် ကနီမြို့နယ်၊ ပုလဲမြို့နယ်နှင့် မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တို့မှ တရားမဝင်ကျွန်း၊ သစ်မာနှင့် အခြားသစ်သားစုစုပေါင်း ၄၂ဒသမ ၉၃၈၁ တန်ကို ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းရမိခဲ့သည်။

ကနီမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် မတ် ၂၉ ရက်တွင် ယာကြီးဘိနယ်(၂) မုံရွာ-ကလေးဝကားလမ်း မိုင်တိုင် ၃၄/၃နှင့် ရေယာဉ်ရွာအရှေ့မြောက်ဘက် ၆ ဖာလုံအကွာရှိ နားပင်းချောင်းဒေသ၌ကျွန်း၊ သစ်မာ၊ အင်နှင့် အခြားသစ်သားစုစုပေါင်း ၁၂ဒသမ ၂၆၄၉ တန်နှင့်အတူ ဆိုင်ကယ်နှစ်စီး၊ မီးစက်တစ်လုံး၊ ၂၅ ကောင် အင်ဂျင်တစ်လုံး၊ ၃ ပေခွဲရှိ လွှတစ်ချောင်းနှင့် ဆက်စပ်ပစ္စည်းခုနစ်မျိုးတို့ကို ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းရမိခဲ့သည်။ မတ် ၃၁ ရက်တွင် မုံရွာခရိုင် ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် ကျောက်မော်(၁) ဘိနယ်၊ မုံရွာ-ကလေးဝ ကားလမ်းမိုင်တိုင်အမှတ် ၅/၇ ဘန့်ဘွေးကုန်းရွာအနီး တရားမဝင် တမလန်း ၃ ဒသမ ၇၄၉၂ တန်နှင့် သစ်ခွခြောက်ပိဿာ ၂၅၀ ကိုယာဉ်အမှတ် ၃က/. . ခြောက်ဘီးနီဆန်းယူရီကောင်တာတစ်စီးနှင့်အတူ ဦးမျိုးမင်းသန့်နှင့် ဦးစိန်ဝင်းမောင်တို့အား ဖမ်းဆီးမိ၍ သစ်တောဥပဒေပုဒ်မ ၄၂ (ခ)၊ ၃၆(ခ) တို့အရ အရေးယူထားသည်။

အရေးယူ

ကသာခရိုင်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် သစ်ခွဝယ်ယူရောင်းချသူများအား ရှာဖွေဖမ်းဆီးလျက်ရှိရာ မတ် ၁၃ ရက်နှင့် ၃၀ ရက်တို့တွင် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သက်သေများနှင့်အတူ ပင်လည်ဘူးမြို့နယ် မြို့မ(၂) ရပ်ကွက်နေ ဦးစိန်မြင့်နှင့် ဝန်းသိုမြို့ ဆီဆုံရပ်ကွက်နေ ဦးရင်မောင်တို့ထံမှ ကျားမျက်လုံးသစ်ခွအခြောက်၊ အစို၊ ဖယောင်းပန်းသစ်ခွအစိုနှင့် မန်းချိုချဉ်သစ်ခွအစို စုစုပေါင်း ၃၃၈ ဒသမ ၇၅ ပိဿာကို သိမ်းဆည်းရမိ၍ ၄င်းတို့နှစ်ဦးကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝဧရိယာများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၆(ခ) ဖြင့် ဆက်လက်အရေးယူသွားမည်ဖြစ်သည်။

ချင်းပြည်နယ် သစ်တောဦးစီးဌာန၊ ဟားခါးမြို့နယ်မှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၉ ရက်က ဖလမ်းခရိုင် ဟားခါးမြို့နယ် ဟားခါး-ကန်ဘော့ကားလမ်းမိုင်တိုင် ၈/၇ နှင့် ၉/၀ ကြား၌ အင်သစ်လုံး/တိုင်/ခွဲသား ၁၆ ဒသမ ၅၁၃ တန်၊ ကျွန်းခွဲသား ၀ ဒသမ ၉၃၈ တန်ကို မော်တော်ယာဉ် Faw(လီဖန်း)အပြာရောင်တစ်စီး၊ ၇က/. . . ဖူဆိုခြောက်ဘီးတစ်စီး၊ အ/. . . ယူဒီကောင်တာခြောက်ဘီးတစ်စီးတို့နှင့်အတူ တရားခံ ၁၁ ဦးကို ဖမ်းဆီးရမိ၍ ဟားခါးမြို့ ရဲစခန်းက သစ်တောဥပဒေပုဒ်မ ၄၃(က)၊ ၄၂(ခ) တို့ဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။

(သစ်တောဦးစီး)

ကားဘရိတ်ပေါက် တိမ်းမှောက် စတားဆိုင်းအဖွဲ့မှ နှစ်ဦးသေဆုံး ၁၂ ဦးဒဏ်ရာရ

ပုလဲ ဧပြီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် လဲကန်ကျေးရွာ၏တောင်ဘက် တစ်မိုင်ခန့်အကွာရှိ တာလယ်ချောင်း ကုန်းအဆင်းတွင် ဧပြီ ၃ ရက် မွန်းလွဲ ၁၂ နာရီ မိနစ်၄၀ က ယာဉ်မောင်းငြိမ်းကို မောင်းနှင်လာသော ၉၅/. . . ဖောကားအပြာရောင်မော်တော်ယာဉ်သည် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချောက်ထဲသို့ တိမ်းမှောက်လဲကျသွားသဖြင့် ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ပုလဲမြို့နယ် မွေ့တုံကျေးရွာမှ စတားဆိုင်းအဖွဲ့ဝင် ၁၅ ဦးအနက် မြိုင်မြို့နယ် ဓမ္မသရက်ကျေးရွာနေ ဦးသိန်းဇော် (၃၀နှစ်)နှင့် ပုလဲမြို့နယ် နွယ်ရှောက်ကျေးရွာနေ ဦးသန်းကို (၅၀ နှစ်)တို့ သေဆုံးခဲ့ပြီး အမျိုးသားရှစ်ဦး၊ အမျိုးသမီးလေးဦးတို့ ဒဏ်ရာရရှိခဲ့သဖြင့် ပုလဲမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းငြိမ်းကိုအား လဲကန်ကျေးရွာ ရဲစခန်းမှ ယာယီစခန်းမှူး ဒုရဲအုပ်ချစ်စန်းမောင်က ပုလဲမြို့ရဲတပ်ဖွဲ့စခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

ခင်မော်(ပုလဲ)

ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးသန့်ဇော်၏ ပတ်စပို့စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၅၅၀၇၉

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၅) အတွင်းရှိ အကျယ်အဝန်း ပေ(၄၀×၆၀)စီရှိသော မြေကွက်အမှတ် ၁၂၃၇ နှင့် မြေကွက်အမှတ် ၁၂၃၈ ဟု ခေါ်တွင်သော နှစ် ၆၀ မြေငှားဂရန်မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား တရားဝင်အမည်ပေါက်ရှိသူထံမှ ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးကိုလေး ၉/မရမ(နိုင်)၀၅၃၇၈၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ်-၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၈၂၅၇၃၆၊ ၀၉-၅၀၇၀၆၇၇

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း၊ အမှတ်(၃၀-A)ဟု ခေါ် တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ်(၂/A)၊ မြေဧရိယာ ၀ဒသမ၀၇၂ ဧကရှိ နှစ် ၆၀ ဂရန် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ပြုလုပ်သည့် အပိုင်ပေးစာချုပ် အမှတ်-၁၇၂၅/၂၀၀၉ အရ တရားဝင်ပိုင်ဆိုင်ထားသူ ဒေါ်မြသန်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LL.B)	**ဒေါ်လှလှခိုင်(LL.B)**
တရားလွှတ်တော်ရှေ့နေ(၄၃၇၃)	**တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**

အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁ A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမည်ပြောင်း

ဦးအောင်ကျော်ဦး၏သား တောင်ဥက္ကလာပမြို့နယ် အမက(၂၉) စတုတ္ထတန်း(က)မှ စတုတ္ထတန်းဖြေဆိုထားသူ မောင်ထက်အာကာအား မောင်ဘုန်းမြတ်မင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဘုန်းမြတ်မင်း**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းကို၏ နိုင်ငံကူးလက်မှတ် အမှတ်-၀၄၅၅၉၈သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၂၆၄၅၂၅၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဇဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၃၅ H၊ မြေကွက်အမှတ် ၂၉၂၊ မြေကွက်တည်နေရာ အမှတ် ၅၃၊ ဗိုလ်စိန်မှန်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဇဟန်းမြို့နယ်၊ (ဦးဘသောင်း၊ ဦးစန်းမောင်) အမည်ပေါက် နှစ် ၆၀ ဂရန် မြေအားအမည်ပေါက် ဦးဘသောင်း(ဖခင်)၊ ဒေါ်သန်းညွန့်(မိခင်)ကွယ်လွန်သဖြင့် (၁)ဦးကိုကိုနိုင် ၁၂/ဗဟန(နိုင်)၀၄၀၂၆၈၊ (၂)ဦးကျော်နိုင် ၁၂/ဗဟန(နိုင်)၀၇၇၄၆၉၊ (၃)ဦးသန်းနိုင် ၁၂/ဗဟန (နိုင်)၀၈၆၁၂၆၊ (၄)ဒေါ်ဝင်းပပ ၁၂/ဗဟန(နိုင်)၀၁၆၉၉၆၊ (၅)ဒေါ်ချစ်စုငြိမ်း ၁၂/ဗဟန(နိုင်)၀၈၆၈၉၄၊ (၆)ဒေါ်စုစုမော် ၁၂/ဗဟန(နိုင်)၀၈၅၉၉၇ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ပူးတွဲပိုင်ရှင် ဦးစန်းမောင် ၁၂/ဗဟန(နိုင်)၀၇၃၂၉၄ နှင့် ပူးတွဲလျက်အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် အရောင်းအဝယ်စာချုပ် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နိုင်ငံ့ဂုဏ်ဆောင် ကစားသမားများအား ဂုဏ်ပြုတွေ့ဆုံ အားကစားသမားပေါင်း ၄၅၀ ကျော်တက်ရောက်

ဒီလိုဆောင်ရွက်မှုမျိုးကို ကြိုဆိုပါတယ်။ အလွန်ကောင်းတဲ့ အစီအစဉ်ပါ။ နှစ်စဉ်နှစ်တိုင်း လုပ်နိုင်ပါစေလို့။ ဦးစိုးမြင့်(ဘောလုံး)

ငယ်သူငယ်ချင်း အားကစားမောင်မယ်များနဲ့ တွေ့ရလို့ ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ အသက်နှစ် ၂၀ လောက် ငယ်သွားတယ်လို့တောင် ခံစားရပါတယ်။ ဒေါ်ခင်မူမူ(ပြေးခုန်ပစ်)

သတင်း - ဖေမြင့်ဦး
ဓာတ်ပုံ - ဖိုးသော်ဇင်

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဧပြီ ၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိအမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပသော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှတ်တရဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်သည်။ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ရရှိခဲ့ကြသော နိုင်ငံ့ဂုဏ်ဆောင် ကစားသမား ၄၅၂ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံ့ဂုဏ်ဆောင် ကစားသမားကြီးများကို ချစ်ခင်လေးစားတန်ဖိုးထားပါကြောင်း၊ ဒီဇင်ဘာလတွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီး မီးရှူးတိုင်သယ်ယူရေးတွင် ပါဝင်ကြပါရန် လေးစားစွာ ဖိတ်ခေါ်ပါကြောင်း၊ နေပြည်တော်တွင် တည်ဆောက်ထားသည့် Gold Camp သို့ လာရောက်လေ့လာပြီး မျိုးဆက်သစ်ကစားသမားလေးများအား ဟောပြောဆွေးနွေးပေးရန်လည်း ဖိတ်ခေါ်ပါကြောင်း၊ အားကစားမိသားစုဝင်များဖြစ်သည့်အလျောက် ခင်ခင်မင်မင်ဖြစ်လိုပါကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ဘောလုံးသမားဟောင်းကြီးများဖြစ်သည့် ဦးရဲညွန့်၊ ဦးမျိုးဝင်းညွန့်၊ ဦးစိုးမြင့်၊ ဦးပန်စစ်၊ ဦးခင်မောင်လေး၊ ပြေးခုန်ပစ်မှ ဒေါ်ဂျင်နီဖာတင်လေး၊ ဒေါ်ခင်ခင်ထွေး၊ ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်မာမာမင်း၊ ဒေါ်သန်းသန်း၊ ဘော်လီဘောမှ ဦးစိုးသိန်း၊ ဘိလိယက်မှ ဦးကျော်ဦး၊ သေနတ်ပစ်မှ ဒေါ်ခင်စိုးသိုက် စသည်တို့အား အမှတ်တရဂုဏ်ပြုဆုတံဆိပ်များချီးမြှင့်ပြီး ဒုတိယဝန်ကြီးဦးသောင်းထိုက်က ဘောလုံးသမားဟောင်းကြီးများဖြစ်သည့် ဗိုလ်ကြီးကျော်သောင်း၊ ဗိုလ်ကြီးကြည်အေး၊ ဦးရှမ်းဗဟာဒူး၊ ဂိုး- ဦးတင်အောင်၊ ဦးဘပု၊ ဗိုလ်ကြီးဝင်းမောင်၊ ဦးခင်မောင်ဝင်း၊ ဦးငွေကိုင်၊ ဦးစောညီညီထွန်း၊ ဦးဘရီ၊ ဦးစိန်ဝင်း၊ ဦးသန်းစိုးခေါ် ဦးဆပ်သီး၊ ဦးခင်မောင်တင့်၊ ပြေးခုန်ပစ်မှ ဗိုလ်ကြီးကိုကို၊ ဗိုလ်ကြီးခင်စိုး၊ ဘော်လီဘောမှ ဦးထွန်းဝင်းတို့အား အမှတ်တရ ဆုတံဆိပ်များ ချီးမြှင့်သည်။

ထို့နောက် တက်ရောက်လာသည့် ကစားသမားများထဲမှ ဒေါ်ဂျင်နီဖာတင်လေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က နိဂုံးချုပ်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် နိုင်ငံ့ဂုဏ်ဆောင်ကစားသမားများအား တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယနေ့ အခမ်းအနားတွင် ရွှေတံဆိပ်ဆုရှင်များကို ဆုချီးမြှင့်ရာ၌ ရွှေတံဆိပ်တစ်ခုအတွက် ကျပ်တစ်သိန်း၊ ကျန်ရွှေတံဆိပ်တစ်ခုချင်းစီအတွက် ကျပ်နှစ်သောင်းစီချီးမြှင့်ပြီး ငွေတံဆိပ်ဆုရှင်အား ကျပ်ခုနစ်သောင်းခွဲ၊ ကြေးတံဆိပ်ဆုရှင်အား ကျပ်ငါးသောင်းချီးမြှင့်ခဲ့ကြောင်း သိရသည်။

မိတ်ဆွေတွေ၊ ကစားဖော်ဟောင်းတွေအပြင် တပည့်ဟောင်းတွေကိုပါ ပြန်တွေ့ရလို့ ဘယ်လိုပြောရမှန်းမသိအောင်ကို ဝမ်းသာတယ်။
ဒေါ်ဖြူဖြူ(ဘော်လီဘော)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက နိုင်ငံ့ဂုဏ်ဆောင် ကစားသမားတစ်ဦးအား အမှတ်တရ ဆုတံဆိပ်များ ချီးမြှင့်စဉ်။

မိမိ၏အောင်မြင်မှုအတွက် မိမိပေါ်တွင်သာ မူတည်သည်။ မိမိ၏ လေ့ကျင့်မှုများသည် မိမိအောင်မြင်မှု၏ လမ်းစများဖြစ်သည်။ အောင်မြင်လိုသူများ အိပ်ပျော်မနေသင့်။
ဦးရဲညွန့်(မြန်မာ့လက်ရွေးစင်ဟောင်း)

ပြည်တွင်းသတင်း

ရန်ကုန်မြို့တော်မဟာသင်္ကြန် ကုသိုလ်ယူဖွယ်နှင့် ပျော်ရွှင်ဖွယ်များ

တန်ခူးအခါ သင်္ကြန်ကာလသည် နှစ်ဟောင်းမှ နှစ်သစ်ကာလသို့ ကူးပြောင်းသောအခါသမယ ဖြစ်သလို နိုင်ငံ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများအတွက် ရုံးပိတ်ရက်အများဆုံးရသော အားလပ်ရက်ဖြစ်သည်။ သင်္ကြန်တွင် မဏ္ဍပ်များ၌ ရေပက်ကစားလိုသူ၊ လည်ပတ်ပျော်ရွှင်လိုသူများရှိသကဲ့သို့ လောကီကိစ္စများကို ယာယီခဏ ပယ်ခွာ၍ တရားဓမ္မနှင့် ငြိမ်းအေးမွေ့လျော်လိုသူ၊ ဥပုသ်သီလယူလိုသူများလည်း ရှိမည်မလွဲပါ။

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့တွင် ဖွင့်လှစ်မည့်တရားဓမ္မရိပ်သာ၊ တရားစခန်းအချို့နှင့် ရေပက်ခံမဏ္ဍပ်များ၊ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်မည့်နေရာအချို့တို့ကို ဖော်ပြလိုက်ပါသည်။

သင်္ကြန်တွင်းတရားရိပ်သာနှင့် ဒုလ္လဘရဟန်းခံလိုသူများအတွက်-

တောင်ပုလုကျောက်ဆင်တောရ

သင်္ကြန်ကာလ ဒုလ္လဘရဟန်းဝတ်လိုသူများအတွက် (တောင်ပုလုကျောက်ဆင်တောရ ဒုလ္လဘစခန်း၊ သာစုကန်ကျောင်းတိုက်)တွင် ဆွမ်းခံကြွနိုင်သူ၊ ဝိနည်းလိုက်နာနိုင်သူ၊ ကမ္မဋ္ဌာန်းတရားအချိန်ပြည့် အားထုတ်နိုင်ပြီး ကျန်းမာရေးနှင့်ပြည့်စုံသော အမျိုးသားများအတွက် ဧပြီ ၁၀ ရက်မှ ၁၇ ရက်အထိ ခုနစ်ရက်ဒုလ္လဘရဟန်းဝတ်ပွဲရှိသည်။ ဒုလ္လဘဝတ်လိုသူများသည် မှတ်ပုံတင်၊ ဝိနည်းတော်နှင့်ညီညွတ်သော သင်္ကန်း၊ ဒုကုဋ်၊ သပိတ်စုံတို့အား ယူဆောင်ကာ ဧပြီ ၁၀ ရက်နောက်ဆုံးထား၍ လာရောက်စာရင်းပေးနိုင်သည်။ ဖုန်း-၀၁-၆၄၄၇၄၅၊ ၀၉-၇၃၁၄၄၈၀၈၊ ၀၉-၄၃၀၁၉၃၅၂၀၊ ၀၁- ၆၄၃၇၅၂ တို့တွင် ထပ်မံမေးမြန်းနိုင်ကြောင်း ဦးဟန်ငြိမ်း(ဒုလ္လဘစခန်းဖြစ်မြောက်ရေး) က ပြောသည်။ လက်ခံနိုင်မည့်ဦးရေမှာ လူပေါင်း ၅၀၀ ဖြစ်သည်။

သုဒ္ဓဝိပဿနာရိပ်သာ

မေတ္တာရှင်(ရွှေပြည်သာ)အရှင်ဇဝန၏ သုဒ္ဓဝိပဿနာရိပ်သာ တရားစခန်း မှော်ဘီ၊ စမ်းချောင်းပေါက်မှတ်တိုင်အနီး ဧပြီ ၁၂ ရက်မှ ၂၃ ရက်အထိ ၁၀ ရက် တရားစခန်းဖြစ်ပြီး လူဦးရေသတ်မှတ်ထားခြင်းမရှိပါ။ တရားရိပ်သာဝင်လိုသူများ ဧပြီ ၁၂ ရက်အထိ လက်ခံပေးမည်ဖြစ်ပြီး အမျိုးသား၊ အမျိုးသမီး တစ်ခြမ်းစီခွဲထားသည်။ အခမဲ့ရိပ်သာဖြစ်ပြီး နေထိုင်ရန် ရိပ်သာဆောင်များရှိကာ လူပေါင်း ၂၆၀၀ လက်ခံပြီးဖြစ်ကာ ရိပ်သာဝင်ရောက်လိုသူတိုင်း လက်ခံပေးမည်ဖြစ်သည်။ ဆက်သွယ်ရန်လိပ်စာမှာ ဖုန်း-၀၉-၇၃၀၉၈၁၈၆ ဖြစ်သည်။ လူဦးရေ ၄၀၀၀ ထိလက်ခံနိုင်ကြောင်း သိရသည်။

မဟာသတိပဋ္ဌာန်နေ့တက် ခုနစ်ရက်စခန်း

မဟာသတိပဋ္ဌာန်နေ့တက် ခုနစ်ရက်စခန်းသင်တန်း သတိပဋ္ဌာန်တရားတော်နှင့် မဇ္ဈိမပဋိပဒါ လက်တွေ့ကျင့်စဉ်များကို ဆရာတော်အရှင်ကုဏ္ဍလိယ (သာသနဓဇ ဓမ္မာစရိယ၊ သာသနာကုံရဓမ္မာစရိယ) က ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ ရှင်သာမဏောဓမ္မဗိမာန် အာဇာနည်လမ်း ဗဟန်းမြို့နယ်တွင် ဓမ္မဒါနသင်ကြားဟောပြမည်ဖြစ်သည်။ နေအိမ်မှ မိမိတို့အစီအစဉ်ဖြင့် လာရောက်ရမည်ဖြစ်ပြီး နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိဖြစ်သည်။ သင်တန်းသား ယောဂီအရေအတွက် သတ်မှတ်ထား၍ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ပြီး ဖုန်း-၀၁-၃၈၇၃၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မဟာစည်ရိပ်သာ

မဟာစည်ရိပ်သာသင်္ကြန်တွင်း တရားရိပ်သာဝင်လိုသူများအတွက် သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း ၁ရက်နေ့အထိ ၅ ရက်အတွက် ဆွမ်းစရိတ် ကျပ်၂၅၀၀ နှုန်းသတ်မှတ်ထားပြီး ယောဂီအမျိုးသား အမျိုးသမီး ၂၀၀၀ အထိ လက်ခံနိုင်သည်။ ကြိုတင်စာရင်းပေးသွင်းရန်မလိုဘဲ အသေးစိတ်သိလိုပါက ဖုန်း-၀၁-၅၄၅၄၆၉သို့ မေးမြန်းနိုင်ပြီး မဟာစည်ရိပ်သာတည်နေရာမှာ အမှတ် ၁၆ သာသနာ့ရိပ်သာလမ်း ဗဟန်းဖြစ်သည်။

ဆက်သွယ်နိုင်သေးသည့် ရိပ်သာများ

တရားရိပ်သာဝင်ရောက်လိုသူများအတွက် အခြားဆက်သွယ်ရန် တရားရိပ်သာများမှာ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဖုန်း-၀၁-၅၄၁၈၆၀၊ အောင်ဆန်းဆရာတော် မိုးကုတ်ရိပ်သာ ဖုန်း ၀၁-၆၄၅၇၉၇၊ ညောင်ပင်သာ မိုးကုတ်ရိပ်သာ(အင်းစိန်) ဖုန်း-၀၁-၆၄၀၂၆၇၊ စတုဘုမ္မိကမဂ္ဂင်ရိပ်သာ (သင်္ဃန်းကျွန်း) ဖုန်း-၀၁-၅၇၁၉၂၉၊ အောင်စကြာမိုးကုတ်ရပ်သာ (သာကေတ) ဖုန်း-၀၁-၅၄၇၀၂၈၊ ပုညရာမ မိုးကုတ်ရိပ်သာ(သာကေတ)ဖုန်း-၀၁- ၅၅၃၃၃၀တို့အား ဆက်သွယ်၍ နီးစပ်ရာရိပ်သာစခန်းများသို့ ဝင်ရောက်နိုင်သည်။

အနုပညာရှင်တို့ရှိမည့် မဏ္ဍပ်နှင့်ပျော်ပွဲရွှင်ပွဲများ

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့၌ တည်ရှိမည့်ရေကစားမဏ္ဍပ်များမှာ ကန်တော်ကြီးပတ်လမ်းတွင် ၁၇ခု၊ ကမ္ဘာအေးဘုရားလမ်းတွင် ၁၀ခု၊ ဆရာစံပန်းခြံလမ်းတွင် တစ်ခု၊ ပါရမီလမ်းတွင် သုံးခု၊ ပြည်လမ်းပေါ်တွင် သုံးခု၊ ဘုရင့်နောင်လမ်းတွင် ငါးခု၊ ကမ်းနားလမ်းတွင် နှစ်ခုတို့ရှိမည်ဖြစ်သည်။

လေးဖြူ၊ အငဲ၊ မျိုးကြီးတို့၏ IRON CROSS တေးဂီတအဖွဲ့သည် ပြည်လမ်းရှိ AIR BAGAN မဏ္ဍပ်တွင်ရှိမည်။ တေးသံရှင် အောင်လ၊ ဆိုတေး၊ ရတနာမိုင်နှင့် နန်းဆုရတီစိုးတို့သည် ပါရမီမင်းလမ်း မုန့်တီဆိုင်ရှေ့ရှိ MY NEW ALPINE ရေကစားမဏ္ဍပ်တွင်ရှိမည်။ ရဲရင့်အောင်နှင့် ဘန်နီဖြိုးတို့ရှိနေမည့် PARTY ROCK ရေကစားမဏ္ဍပ်နှင့် ကျော်ထွဋ်ဆွေတို့ မဏ္ဍပ်များမှာ ကန်တော်ကြီးပတ်လမ်းမှာပင် ရှိနေမည်ဖြစ်သည်။ ကန်တော်ကြီးမျှော်စင်ကျွန်းရှိ GRAND ROYAL မဏ္ဍပ်တွင် စန္ဒီမြင့်လွင်နှင့် THE CAPTAIN တွင် အောင်ရဲလင်းရှိမည်။ စိုင်းစိုင်းခမ်းလှိုင်ကတော့ ထုံးစံအတိုင်း ALPAINE မဏ္ဍပ်တွင်ရှိမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲ

ပျော်ပွဲရွှင်ပွဲများမှာ ထာဝရသင်္ကြန်(FOREVER GROUP)ပျော်ပွဲရွှင်ပွဲဖြစ်မိုင်ဒါကွင်း၌ ဧပြီ ၁၃ရက်မှ ၁၉ရက်အထိ ကျင်းပမည်ဖြစ်ရာ GAME ကစားပွဲများ၊ ရေကစားမဏ္ဍပ်များနှင့် ညနေပိုင်းတွင် FREE SHOW များပါဝင်ပြီး လက်မှတ်ဈေးနှုန်းမှာကျပ် ၁၀၀၀၀ဖြစ်ပြီး လက်မှတ်ကိုGAME ကစားရန်လက်မှတ်ရှစ်စောင်နှင့် လဲလှယ်နိုင်သည့်အပြင် လက်မှတ်တစ်စောင်ကို GAME တစ်မျိုးကစားနိုင်ပြီး GAME ရှစ်မျိုးမှ အမျိုး ၂၀အထိပါဝင်မည်ဟု သိရသည်။ ငွေကျပ် ၁၀၀၀၀နှင့် လက်မှတ်မဝယ်လိုပါက ဝင်ကြေးကျပ် ၂၀၀၀ဖြင့် GAME တစ်မျိုးလျှင် ကျပ် ၁၅၀၀နှုန်း ပေး၍ကစားနိုင်သည်။ လက်မှတ်ဝယ်ယူလိုပါက MRTV.4 SHOWROOM(9) နှင့် ရတနာပုံ CALL CENTER တို့တွင် ဝယ်ယူနိုင်သည်။

ကန်တော်ကြီးမျှော်စင်ကျွန်းက GRAND ROYAL ပွဲသည်လည်း လူငယ်များ ပျော်ရွှင်ဖွယ်ရာတစ်ခုဖြစ်သည်။ရေကစားချင်သူများအတွက် ကန်တော်ကြီးပတ်လမ်းမှ PARTY ROCK ရေကစားမဏ္ဍပ်မှာ ရက်ပြည့် ငွေကျပ် ၅၀၀၀၀နှင့် ကမ္ဘာအေး GTR မဏ္ဍပ်၌ ရက်ပြည့် ငွေကျပ် ၄၉၀၀၀နှင့် ၁၀ စောင်ဝယ်လျှင် တစ်စောင်အခမဲ့ဖြစ်ကြောင်း သတင်းများရယူ တင်ပြလိုက်ရပါသည်။

ရဲခေါင်ညွှန့်

သင်္ကြန်ပိတ်ရက်များအတွင်း အဝေးပြေးယာဉ်လိုင်းအချို့ နေ့စဉ်ပြေးဆွဲမည်

ရန်ကုန် ဧပြီ ၆

မဟာသင်္ကြန်ကာလ အများပြည်သူများ ရုံးပိတ်ရက်များအတွင်း ရန်ကုန်အဝေးပြေးယာဉ်လိုင်း အချို့ကို ပိတ်ရက်မရှိ၊ ဈေးနှုန်း ပုံမှန်နှုန်းထားအတိုင်း ရောင်းချပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)က သိရှိရသည်။ "အများပြည်သူတွေကို ပိတ်ရက်မရှိ ပြေးဆွဲပေးဖို့အတွက် ယာဉ်လိုင်း ၁၂ လိုင်း သတ်မှတ်ထားပါတယ်။ ဈေးနှုန်းပုံမှန်အတိုင်းနဲ့ နေ့စဉ် ပြေးဆွဲပေးသွားမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး မထသ(အဝေးပြေး)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ယာဉ်လိုင်းများမှာ ရာဇာမင်း၊ ရောင်နီထွန်း၊ ဘုန်းမြတ်ပိုင်၊ မိဘဂုဏ်၊ သိဒ္ဓိအောင်၊ ဘဝသစ်၊ သံလွင်၊ အာရှ၊ ရွှေရတနာ၊ အောင်စိုးမိုးတို့ဖြစ်ပြီး ကားလက်မှတ်များကို ရုံးဝန်ထမ်းများနှင့် အမှန်တကယ်သွားလာရမည့် ခရီးသွားများ ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူနိုင်ရေးအတွက် ကြိုတင်ညွှန်ကြားထားကြောင်း သိရှိရသည်။

"ကားတွေက သင်္ကြန်တွင်း ထွက်မယ်ပြောပေမယ့် မနှစ်ကလည်း ဧပြီလဆန်းကတည်းက Booking လုပ်တာတောင် မရတာမျိုးရှိခဲ့တယ်။ ဒီနှစ်တော့ ဘယ်လိုနေမလဲ မသိသေးဘူး။

အခုလက်ရှိမှာ မကွေး၊ မြင်းခြံကားတွေနဲ့ မန္တလေးကားအချို့ဆိုရင် တော်တော်များများ သင်္ကြန်အကြိုကာလအတွင်းမှာတင် လက်မှတ်က မရတာများနေတယ်။ ဈေးက အနည်းနဲ့အများတော့ ဈေးတက်တာပဲ"ဟု ခရီးသွားတစ်ဦးက ပြောသည်။

သွန်းဝဿန်

ဘုရားကျောင်းကန် ခြင်းမချန် မီးရန်သတိထားပါ

ပတ္တမြားရတုလွန်မင်္ဂလာဆုတောင်း

ကျေးဇူးရှင်ချစ်ဖေဖေ **ဦးသိမ်းဆွေ**(ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ထွေ/အုပ်-ငြိမ်း)နှင့် ချစ်မေမေ **ဒေါ်စမ်းမြင့်**(အထက်တန်းပြ-ငြိမ်း)၊ (မင်းကြီးအမျိုးသမီးဘော်ဒါဆောင်)တို့၏ ၇-၄-၂၀၁၃ရက်တွင် ကျရောက်သော (၄၁)နှစ်ပြည့် ပတ္တမြားရတုလွန် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သောသား၊ သမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘဝလမ်းအတူ လျှောက်လှမ်းနိုင်ပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ဆတက်တိုး၍ သယ်ပိုးနိုင်ပါစေကြောင်း ချစ်သား၊ သမီး၊ မြေးများမှ မင်္ဂလာဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်သားကြီး - ဒုတိယဗိုလ်မှူးကြီး ညွန့်ဝင်းဆွေ-ဒေါ်မို့မို့စိုး

ချစ်သမီး - ကိုမြတ်သူရ-ဒေါက်တာသွဲ့သွဲ့ဆွေ

ချစ်မြေးများ - မောင်စိုးသီဟဆွေ၊ မောင်အောင်ကောင်းပြည့်၊ မစိုးသီရိဆွေ



ဆီဘောက်ဆာကားငှားရန်ရှိ

ဂါလန် ၃၂၀၀ ဆံ့ Nissan ရှစ်ဘီး
ဂါလန် ၂၈၀၀ ဆံ့ Nissan ရှစ်ဘီး
ကားငှားရန်ရှိသည်။
မြို့တွင်းအငှား(သို့မဟုတ်)လချုပ်
ဖုန်း-၀၉-၅၁၇၇၂၂၄၊ ၀၉-၄၂၁၁၁၂၅၄၇

သင်္ကြန်ကားအငှားလိုက်မည်

ကားပိုင်ရှင်-
ဖုန်း-၄၃၀၃၀၄၂၂၊ ၇၃၀၅၀၇၅၄

ILMC

(လှိုင်သာယာ)မှ
အင်္ဂလိပ်စာ ဆရာဆရာမအလိုရှိသည်။
အတွေ့အကြုံရှိသူ ဦးစားပေးမည်။
ဖုန်း-၀၉-၇၃၀၂၇၂၀၃၊ ၄၃၀၃၀၄၂၂

ပျောက်ဆုံးကြောင်း

ကျွန်တော် တင်ဌေးအောင်၏ ပတ်စပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၃၆၃၄၅၉

ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်သန့်ဇင်၏ ပတ်စပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၁၁၇၇၂၈

မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရရှိနိုင်ရေးအတွက်ဒီဂျီစဲလ်မှ ကုမ္ပဏီများနှင့်ပူးပေါင်းမှုပြုလုပ်

Digicel

(၂၀၁၃၊ ဧပြီလ (၄)ရက်၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ)

Digicel အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ချထားပေးမည့် ဆက်သွယ်ရေးလိုင်စင်သစ် (၂)ခုတွင် လိုင်စင်သစ်(၁)ခု ရရှိနိုင်ရေးအတွက် ကုမ္ပဏီများနှင့် ပူးပေါင်းမှုတစ်ခုကို စတင်လိုက်ပြီဖြစ်ကာ လိုင်စင်ချထားရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အကြိုအရည်အချင်းစစ် လျှောက်ထားလွှာကိုလည်း ယနေ့တွင်ပင် တင်ထားလိုက်ပြီဖြစ်ပါသည်။

ယခုလိုပူးပေါင်းမှုတွင် ဆက်သွယ်ရေး မဟာဗျူဟာကျ ရင်းနှီးမြှုပ်နှံမှု အကော်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံ အစရှိသည့် ကဏ္ဍစုံမှ ကျွမ်းကျင်သူများ စုပေါင်းပြီး Digicel Group, Quantum Strategic Partners Ltd. နှင့် Yoma Strategic Holdings အုပ်စုတို့ ပူးပေါင်းပါဝင်ထားခြင်းဖြစ်သည်။ ယင်းပူးပေါင်းမှုတွင် ကမ္ဘာ့အသိ စီးပွားရေးလုပ်ငန်းရှင် (၃) ဦးပါဝင်ကာ တစ်မူထူးသည့် ကျွမ်းကျင်မှုနှင့် ရှမ်းရည်ပြည့်ဝမှုများကို ဖော်ဆောင်ပေးမည်လည်းဖြစ်သည်။ ယင်းတို့မှာ -

- Denis O'Brien ၏ Digicel Group မှာ ကမ္ဘာနှင့်အဝှမ်းတွင် ဖွံ့ဖြိုးဆဲဈေးကွက်များ၌ ထူးခြားထင်ရှား ရေဆယ်ကွင်းတွင် လက်လှမ်းမီနိုင်သော ဆက်သွယ်ရေးဝန်ဆောင်မှုများကို ပေးစွမ်းနေသည့်ထင်ရှားသော အဖွဲ့တစ်ခုဖြစ်သည်။
- George Soros ၏ Quantum Strategic Partners Ltd. မှာထူးခြားသည့် မဟာဗျူဟာကျ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကျွမ်းကျင်မှုများကို ယူဆောင်လာသည့် အဖွဲ့တစ်ခုဖြစ်သည်။
- Serge Pun မှာ မြန်မာနိုင်ငံအတွင်း လူသိများထင်ရှားသည့် ကမ္ဘာ့ရှေ့ဆောင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး Yoma Strategic Holdings ထဲတွင် ပါဝင်သည့် YSH Finance Ltd. ခေါ် ကုမ္ပဏီနှင့် ဆက်စပ်သည့် အဖွဲ့တစ်ခုဖြစ်သည်။

Quantum Strategic Partners Ltd. မှာ ငွေအရင်းအနှီးများဖြင့် လုပ်ဆောင်ရသည့် လုပ်ငန်းစတင်မှုများ၊ ပေါ်ပေါက်လာသော ဈေးကွက်များ၊ ရှယ်ယာတန်ဖိုးမြှင့်တင်ရေးနှင့် အခြားသော စီးပွားရေးအရ လွှဲပြောင်းမှုများတွင် အမျိုးအစားစုံလင်သော မဟာဗျူဟာကျ ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်နေသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ Soros Fund Management LLC (SFM) မှာ Quantum Strategic Partners အတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ အတိုင်ပင်ခံ လုပ်ငန်းဖြစ်သည်။ SFM အနေဖြင့် Soros မိသားစု၏ တစ်သီးပုဂ္ဂလ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးများနှင့် ပတ်သက်ပြီး အကြံပေးအဖြစ် လုပ်ဆောင်နေခြင်းဖြစ်သည်။ ယင်းတွင် ဒေါ်လာဘီလီယံပေါင်းများစွာရှိသည့် ရာပေါင်းရေးကွက်တန်ဘိုး ငွေကြေးများပါဝင်သည်။

YSH Finance Ltd မှာ အသစ်စတင်ထူထောင်လိုက်သည့် ဦးပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး Yoma Strategic Holdings Ltd. မှ(၈၀) ရာခိုင်နှုန်းပိုင်ဆိုင်ပြီး First Myanmar Investment Co., Ltd. မှ (၂၀) ရာခိုင်နှုန်းပိုင်ဆိုင်ကာ Singapore Securities Exchange Trading Limited (SGX-ST) ၏ အဓိကဘုတ်အဖွဲ့တွင် စာရင်းဝင်သည့် ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။

Digicel Group ကို စတင်ထူထောင်သူ ဥက္ကဋ္ဌဖြစ်သည့် Denis O'Brien မှ ပြောကြားရာတွင် " **Digicel** အနေဖြင့် ကမ္ဘာအနှံ့ရှိ တယ်လီဖုန်းသိပ်သည်းဆ နည်းပါးသည့် နိုင်ငံများကို သိပ်သည်းဆတိုးတက်စေရန်နှင့် ကြောင်းသည့် အချိန်ကမှ ဖွင့်လှစ်လာသည့် ဈေးကွက်များအတွင်းသို့ ဝင်ရောက်မှုတွင် အောင်မြင်မှုများ ရရှိခဲ့ပြီးသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိဖိုဘိုင်းဖုန်းထိုးဖောက်နိုင်မှုမှာ(၁၀)ရာခိုင်နှုန်း အောက်သာရှိသေးပြီး မိမိတို့အနေဖြင့် ကမ္ဘာ့အဆင့်ရှိသည့် တယ်လီကွန်း ဆက်သွယ်ရေးကွန်ရက်ကို ပေးစွမ်းနိုင်ရန် စိတ်နှစ်ထားပြီးဖြစ်ကြောင်းနှင့် မြန်မာအစိုးရထံသို့လည်း အကြိုအရည် အချင်းစစ်လျှောက်လွှာကို တင်ထားပြီးဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

George Soros မှလည်း "မြန်မာနိုင်ငံအနေဖြင့် တယ်လီကွန်းဆက်သွယ်ရေးဈေးကွက်ကို ဖြေလျှော့ပေးမှုကြောင့် နိုင်ငံအတွက် အရေးပါသည့် စီးပွားရေး တိုးတက်မှု တွန်းအား တစ်ခုကို ဖြစ်စေမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ "မိမိအနေဖြင့် Digicel Group နှင့် Yoma Strategic Holdings တို့နှင့် ဝမ်းမြောက်စွာ ပူးပေါင်းမှုဖြင့် မြန်မာနိုင်ငံတွင် အဆင့်အမြင့်ဆုံး တယ်လီကွန်းဆက်သွယ်ရေးကွန်ရက်ကို ပေးစွမ်းလိုကြောင်း၊ မိမိတို့ ပူးပေါင်းအဖွဲ့အနေဖြင့် ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံကောင်းများ ပေါင်းစပ်ပြီး ကမ္ဘာ့အဆင့်ရှိ ဝန်ဆောင်မှုကို ပေးစွမ်းနိုင်မည်ဟု ယုံကြည်ထားပါကြောင်း" ကိုလည်း ပြောကြားခဲ့ပါသည်။

နောက်ဆုံးအနေဖြင့် Serge Pun မှ ပြောရာ၌ "ယခုလိုပူးပေါင်းအဖွဲ့၏ ခေါင်းဆောင်များအနေဖြင့် ထားရှိသော ဘုံဦးတည်ချက်မှာ ဈေးသက်သာသော ယုံကြည်စိတ်ချရ အဆင့် ဆက်သွယ်ရေးကို မြန်မာပြည်သူများထံသို့ ပေးစွမ်းနိုင်ရေးပင်ဖြစ်သည်။ မိမိတို့အနေဖြင့် ယင်းသို့သော ရည်မှန်းချက်ကို ပေးစွမ်းနိုင်ရန် ထူးခြားစွာ စုပေါင်းထားခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း" ပြောကြားခဲ့ပါသည်။

Digicel ၏နောက်ခံ

Digicel Group Ltd. မှာ ကမ္ဘာ့အဝှမ်း တယ်လီကွန်းဆက်သွယ်ရေး ဝန်ဆောင်မှုများကို ပေးစွမ်းနေသည့် ဦးဆောင်သူတစ်ဦးဖြစ်ကာ ကာရေဘီယံ ဒေသ၊ ပစိဖိတ်ဒေသနှင့် အာရှပစိဖိတ်ဒေသများတွင် ဈေးကွက် (၃၁)ခု၌ လည်ပတ်လုပ်ဆောင်နေခြင်းဖြစ်သည်။ (၁၂)နှစ် ကြာ လုပ်ငန်း လုပ်ဆောင်မှု အပြီးတွင်ပင် အချိန်အထိစုစုပေါင်းရင်းနှီးမြှုပ်နှံမှုအဖြစ် ကမ္ဘာနှင့်အဝှမ်းတွင်အမေရိကန်ဒေါ်လာ (၄.၅) ဘီလီယံအထိ ရှိထားပါသည်။ ကုမ္ပဏီအနေဖြင့် အကောင်းဆုံးအရည်အသွေး၊ အကောင်းဆုံးဝန်ဆောင်မှုနှင့် အကောင်းဆုံးကွန်ရက်ကို ပေးစွမ်းနိုင်မှုဖြင့် ကျော်ကြားနေပါသည်။

Digicel အနေဖြင့် လူမှုအခြေပြုလုပ်ငန်းများကိုလည်း ယင်း၏ဈေးကွက်များရှိရာ တစ်နေရာတစ်လျှောက်တွင် လုပ်ဆောင်ပေးနေပြီး ဂျမေကာ၊ ဟေတီ၊ ပါပွါနယူးဂီနီနှင့် ထရီနီဒက်တို့တွင် Digicel Foundations များကိုထူထောင်ထားပြီး တိုဘာဂိုတွင်လည်းပညာရေး ယဉ်ကျေးမှုနှင့် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များကို ဦးတည်ချက်ထားပြီးလုပ်ဆောင်နေပါသည်။

Digicel မှာ ကာရေဘီယံ၊ ပစိဖိတ်အမေရိကနှင့် ပစိဖိတ်ဒေသဆိုင်ရာ အားကစားအဖွဲ့များနှင့် အုပ်စိုးသော အစရှိသည့် ကမ္ဘာ့အမြန်ဆုံးအပြေးသမား အပါအဝင် တစ်သီးပုဂ္ဂလများနှင့် Special Olympics အသင်းများကိုလည်း ယင်းဒေသတစ်လျှောက်တွင် ဦးဆောင်ထောက်ပံ့ပေးနေသူဖြစ်ပါသည်။ Digicel အနေဖြင့် မြန်မာဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာ့ဒေသန္တရအားကစား အဖွဲ့တို့ကို လွန်ခဲ့သည့် (၂၀၁၂) ခုနှစ်ကပင်စတင်ပြီး အဓိကထောက်ပံ့သူအဖြစ် ဆောင်ရွက်နေသည့် အဖွဲ့လည်းဖြစ်ပါသည်။ ထပ်မံအချက်အလက်များရယူလိုပါက www.digicelgroup.com သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆက်သွယ်ရန် - **Antonia Graham** (လုပ်ငန်းအုပ်စု လူထုဆက်ဆံရေးတာဝန်ခံ) Tel: +1 876 564 1708 Email: antonia.graham@digicelgroup.com

နိုင်ငံတကာအားကစားသတင်း

ဘက်ခမ်းကိုအစပွဲကစားရန် ပိုင်ရှင်ဖိအားမပေးနိုင်

ဘာစီလိုနာနှင့် ပီအက်စ်ဂျီတို့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့တွင် တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် ကွင်းလယ်ကစားသမား ဘက်ခမ်းအား ပါဝင်ကစားရန် ပီအက်စ်ဂျီနည်းပြ အန်ဆယ်လော့တီက ဖိအားပေးခဲ့သည်ဆိုခြင်းကို ၄င်းက ငြင်းဆိုလိုက်သည်။ အန်ဆယ်လော့တီက ဘက်ခမ်းအား အစပွဲပါဝင်ကစားရန် ရွေးချယ်ခဲ့သည်။ ဘက်ခမ်းသည် ထိုပွဲမတိုင်မီက အစပွဲတစ်ပွဲနှင့် လူစားလေးပွဲပါဝင်ကစားခဲ့ရသည်။ အသင်းပိုင်ရှင်များအနေဖြင့် ကစားသမားတစ်ဦးအား ပါဝင်ကစားရန် နည်းပြကို ဖိအားပေးနိုင်ခြင်းရှိလိမ့်မည်မဟုတ်ကြောင်း အန်ဆယ်လော့တီက ပြောကြားသည်။

ဖလောရက်စ်အား ဆွမ်ဆီးထပ်မံစာချုပ်

ဆွမ်ဆီးအသင်းက ယင်း၏နောက်တန်းကစားသမား ချီကိုဖလောရက်စ်အား တစ်နှစ်ထပ်မံစာချုပ်လိုက်သည်။

စာချုပ်အသစ်အရ စပိန်နောက်တန်းကစားသမား ဖလောရက်စ်သည် ၂၀၁၆ ခုနှစ်အထိ ဆွမ်ဆီးအသင်းနှင့်အတူ ကစားရမည်ဖြစ်သည်။ ဆွမ်ဆီးက ဖလောရက်စ်အား ၂၀၁၂ခုနှစ် ဇူလိုင်လက ပေါင် နှစ်သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ အသက် ၂၆ နှစ်ရှိ ဖလောရက်စ်သည် ဆွမ်ဆီးအသင်း၏ အဓိကခံစစ်မှူးဖြစ်သည်။

ဂါရက်ဘေးလ် နှစ်ပွဲသာလွဲနိုင်

စပါးတောင်ပံကစားသမား ဂါရက်ဘေးလ်သည် ဘေဆယ်နှင့်ကစားသည့်ပွဲတွင် ထမ်းစင်ဖြင့် ထွက်သွားရသော်လည်း လာမည့်ပြိုင်ပွဲ နှစ်ပွဲသာလွဲနိုင်ကြောင်း ၄င်းကလပ်က ကြေညာသည်။ ဝေလတောင်ပံ ကစားသမား ဂါရက်ဘေးလ်သည် ယူရိုပါလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ကစားစဉ် ယာဘက်ခြေမျက်စိ ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။ သို့သော်လည်း မန်စီးတီးနှင့် ဧပြီ ၂၁ ရက်တွင်ကစားမည့် ပရီမီယာလိဂ်တွင် ပြန်ကစားနိုင်လိမ့်မည်ဟုဆိုသည်။

ကောင်းမြတ်သူ - ရေးသားသည်

ရီးရဲမက်ဒရစ်တို့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ တက်နိုင်မလား

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွေကို ဧပြီ ၉ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်တွေမှာတော့ ဂါလာတာစာရေးကွင်းမှာ ရီးရဲမက်ဒရစ်တို့ သွားရောက်ကစားရမှာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်တို့ ဖိအားမများဘဲ ကစားရမှာဖြစ်ပေမယ့် ဒေါ့မွန်တို့ကတော့ အိမ်ကွင်းမှာ ခြေကုန်ထုတ်ရမယ့်ပွဲပါပဲ။

ဂါလာတာစာရေးနှင့် ရီးရဲမက်ဒရစ်

ပထမအကျော့ အဝေးကွင်းမှာ သုံးဂိုးပြတ်ရှုံးထားတဲ့ ဂါလာတာစာရေးတို့ အခုပွဲအိမ်ကွင်းမှာလည်း အကျပ်အတည်းနဲ့ ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဂါလာတာစာရေးဟာ ချန်ပီယံလိဂ်အုပ်စုပွဲတွေမှာ ခြေစွမ်းထက်မြက်မှုမရှိပေမယ့် စုစည်းမှုကောင်းကောင်းနဲ့ ကစားနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဂါလာတာစာရေးဟာ အုပ်စုပွဲစဉ်မှာ မန်ယူကို အနိုင်ကစားခဲ့တဲ့ ခြေစွမ်းရှိပေမယ့် အခုပွဲမှာတော့ ရီးရဲမက်ဒရစ်ရဲ့ခြေစွမ်းကို တွန်းလှန်နိုင်ဖို့ခက်ခဲနေမှာ သေချာပါတယ်။ ဂါလာတာစာရေးမှာ ရှနိုက်ဒါတို့အုပ်စုက ကစားအားကောင်းပြီး ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်ကို ဟန့်တားပြီး တန်ပြန်တိုက်စစ်အကောင်းဆုံးပုံစံကို ပုံဖော်နိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်တို့ကတော့ နည်းပြမော်ရင်ဟိုရဲ့ တွန်းအားတွေနဲ့ ချန်ပီယံလိဂ်ဖလားသိမ်းပိုက်ရေးစိတ်ဓာတ်တွေ ဆူဝေနေပြီဖြစ်တာမို့ ဂါလာတာစာရေးကို အနိုင်ရယူရေးအတွက် အားသွန်ကစားပါလိမ့်မယ်။ ရီးရဲမက်ဒရစ်ဟာ ပထမအကျော့က သုံးဂိုးပြတ်သွင်းယူပြီး သင်ခန်းစာပေးထားတာမို့ဒီပွဲမှာ အနိမ့်ဆုံးသရေကစားရင်ပဲ ကျေနပ်စရာဖြစ်ပါတယ်။ လျင်မြန်ပြီး ဂိုးသွင်းထက်မြက်တဲ့ တိုက်စစ်မှူးတွေ ပိုင်ဆိုင်ထားတဲ့ ရီးရဲမက်ဒရစ်ကို ဂါလာတာစာရေးတို့ အနည်းဆုံးလေးဂိုးအထိ သွင်းယူဖို့ဆိုတာ အိပ်မက်ဆန်နေတာအမှန်ပါပဲ။

ပထမအကျော့ အိမ်ကွင်းမှာ ဒေါ့မွန်ကို အသာစီးရအောင် မကစားနိုင်ခဲ့တာဟာ မာလာဂါတို့ ကသိုလ်ကံမျက်နှာသာမပေးခဲ့တာဘဲ ဖြစ်ပါတယ်။ ဒေါ့မွန်ဟာ ကစားရခက်တဲ့အသင်းဖြစ်ပြီး ထိပ်တန်းအသင်းကြီးတွေတောင် အသက်ရှူမှားအောင်ကစားရတဲ့ အသင်းဖြစ်ပါတယ်။ အထူးသဖြင့်ဒေါ့မွန်ဟာ အိမ်ကွင်းမှာ အသင်းကြီးတွေကို အနိုင်ရအောင်ကစားနိုင်တဲ့ ခြေစွမ်းရှိနေပြီး နည်းပြဂျာဂန်ကလော့ကလည်း ဒေါ့မွန်ကိုအကောင်းဆုံး ဗျူဟာခင်းကျင်းနိုင်သူဖြစ်ပါတယ်။ ဒေါ့မွန်ရဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ လီဝမ်ဒေါစကီးနဲ့ မာဆယ်ရှမယ်ဇာတို့ကလည်း အဆုံးသတ်ဂိုးသွင်းကောင်းသူတွေဖြစ်တာမို့ မာလာဂါတို့အတွက်ခက်ခဲပါလိမ့်မယ်။ အသင်းလိုက်နားလည်မှုရှိရှိနဲ့ ကစားတတ်တဲ့ ဒေါ့မွန်တို့အတွက်တော့ ကြိုးစားရမှုအတိုင်းအဆနဲ့ ထိုက်တန်တဲ့ရလဒ်ကို ပိုင်ဆိုင်နိုင်မယ့်ပွဲပါပဲ။ ။

မိုးမြင့်လင်းလက်

အားကစားသတင်း အတိုအထွာ

- လာမည့်နွေရာသီတွင် မန်ယူအသင်းအတွက် ကစားသမားအသစ်သုံးဦး ဝယ်ယူမည်ဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။
- လာမည့်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် ဖလားလက်မဲ့မဖြစ်အောင် လက်ရှိကစားသမားအင်အားနှင့် မလုံလောက်ကြောင်း တိုက်စစ်မှူး ဝေါကော့သ်က ပြောကြားသည်
- ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပီအက်စ်ဂျီတို့ အောင်မြင်မှုရရှိရန် မလွယ်ကူကြောင်း ဘက်ခမ်းက ပြောကြားသည်။
- ယခုနှစ်ချန်ပီယံလိဂ်ဖလားကို ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်တို့ အပြိုင်ကြိုးစားရယူကြမည်ဖြစ်ကြောင်း၊ ဘိုင်ယန်မြူးနစ်တို့ ဗိုလ်စွဲနိုင်ကြောင်း အွန်နရီက ပြောကြားသည်။
- ဘာစီလိုနာကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်က အာဆင်နယ်အသင်း၌ ပြန်လည်ကစားရန် ဆန္ဒမရှိသေးကြောင်း ထုတ်ဖော်ပြောကြားသည်။
- ချန်ပီယံလိဂ်ပွဲစဉ်များတွင် ဆုံးဖြတ်ချက်များ ပိုမိုမှန်ကန်ရန် ဒိုင်လူကြီးအား အထူးသင်တန်းပေးရန် အစီအစဉ်ရှိကြောင်း ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီက ပြောကြားသည်။
- ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများကိုနှစ်နှစ်တစ်ကြိမ်ကျင်းပရန် ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ဖီဖာတာဝန်ရှိသူများက ပြောကြားသည်။
- ပေါ်တိုအသင်း တာဝန်ရှိသူများက နည်းပြဟောင်းမော်ရင်ဟိုကို ပြန်လည်တာဝန်ပေးလိုကြောင်း ပြောကြားသည်။
- မန်ယူကွင်းလယ်ကစားသမားနာနီအား ဂျူဗင်တပ်စ်က ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

မောင်ချစ်ကြည်
ရေးသားသည်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၁၃)ရပ်ကွက်၊
ဓမ္မသုခကျောင်းလမ်း၊ အမှတ် (၂၁၈-အိုင်)နေ
ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦးတို့၏ သား
မောင်ထူးထူးရှိန်ဦး B.Tech (IT)
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၂၃နေ
ဦးကျော်ညွန့်-ဒေါ်စန်းစန်းသိန်းတို့၏ သမီး
မစန္ဒာ B.A (Eng)

တို့သည် ၆-၄-၂၀၁၃ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ထူးထူးရှိန်ဦး-မစန္ဒာ

အများသိသာရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်တွင် ရန်ကုန်မြို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဝါဝါဝင်းဆောက်လုပ်ရေးကုမ္ပဏီတို့ စီမံကိန်းဖြင့် တည်ဆောက်သော မြခွာညို အိမ်ရာ ကွန်ဒိုအမှတ်-အေ၊ အခန်းအမှတ် ၅၀၄၊ ပဉ္စမထပ်သည် ဦးမျိုးလွင်ဦး ၁၂/သလန(နိုင်)၀၀၄၀၅၇၊ ဒေါ်မေသဥ္ဇာ ၁၂/သလန(နိုင်)၁၀၄၅၄၈ အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ဦးမျိုးလွင်ဦး၊ ဒေါ်မေသဥ္ဇာထံမှ ဝယ်ယူရန်စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ
တရားလွှတ်တော်ရှေ့နေ
အမှတ်(၂၂)၊ ဌာနာလမ်း
အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ အထူးဇုန်-၃၊ ကွင်းအမှတ်(၅၁၁-ခ)နှင့် (၅၁၉-က)ရှိ အကွက်အမှတ်-၃၂၅၊ ၃၂၆၊ ၃၂၇၊ (၃) ယူနစ်နှင့်တကွ ယင်းတို့မှပေါ်ထွက်လာသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုလက်ရှိ အမည်ပေါက်ဦးတင်လှအောင်က အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စရန်ငွေရယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ခုနစ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးကို	**ဒေါ်သိန်းသိန်းမြင့်**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
စဉ်-၁၁၁၃၃	**စဉ်-၅၆၂၄**

အမှတ်-၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၇၇၁၄၊ ၀၉-၅၁၈၃၉၈၄၊ ၀၉-၅၁၆၄၅၈၀

FAIR & SQUARE Travels and Tours Co.,Ltd.
မြန်မာသင်္ကြန်ခလောက်ပျော်စရာကောင်းတဲ့ပွဲတော် ကမ္ဘာမှာမရှိပါ .....
'မန္တလေးသင်္ကြန်အထူးအစီအစဉ်'
- မန္တလေးမှာ ရေတစ်ရက်ပက်မယ် ......
- မေမြို့တစ်ရက် လည်မယ် ....
- စစ်ကိုင်း ၊ အမရပူရ တစ်ရက်လည်မယ် ......
သုံးညအိပ် လေးရက်ခရီး (အဆင်မြင့် ခရီးစဉ်)- 160,000/- Ks
ခရီးစဉ်ထွက်ခွာမည့်ရက် - ဧပြီလ (၁၂)ရက် / ဧပြီလ (၁၄)ရက်
ခြော်...ဧကကားမစပ် ကားများလည်းလေလံဆွဲပေးတယ်နော်...
Tel : 01 377688, 01 245993, 09 7300 2211, 09 7300 5511

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နေ/ည
Ph : 703790,09-861-9008
707062,09-861-7770

ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်လှလှမိုး ၁၂/သဃက(နိုင်)၁၃၀၅၆၀ နှင့် သမီးဖြစ်သူ မခင်ရတနာမိုးတို့၏ နိုင်ငံကူးလက်မှတ်များသည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၃၁၈၆၅၅၂

သွေးသည် အသက်

သင်္ကြန်ရက်အတွင်း လိုင်းကားစီးပြည်သူများ အဆင်ပြေစေရန် မထသ(ဗဟို)မှ ဆောင်ရွက်ပေးမည်

ရန်ကုန်မြို့တော် ခရီးသွားပြည်သူများ သင်္ကြန်ရက်အတွင်း သွားလာမှုအဆင်ပြေစေရေးအတွက် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီအနေဖြင့် သင်္ကြန်အကြိုရက်ဖြစ်သော ဧပြီ ၁၃ ရက်မှ သင်္ကြန်အတက်ရက်ဖြစ်သည့် ဧပြီ ၁၆ ရက်အထိ ယာဉ်လိုင်း ၁၅၃ လိုင်းမှ ယာဉ်အစီးရေ ၂၀၁၉ စီးခန့်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြေးဆွဲပေးရန် စီစဉ်မှုရှိကြောင်း၊ ဧပြီ ၃ ရက်တွင် ပြုလုပ်ခဲ့သော မထသ(ဗဟို)နှင့် မီဒီယာများတွေ့ဆုံပွဲ၌ သတင်းထုတ်ပြန်ခဲ့သည်။

ထို့အပြင် မထသ(အဝေးပြေး)မှ ယာဉ်လိုင်း ၁၃ လိုင်းတို့ကလည်း နေ့စဉ် ယာဉ်အစီးရေ ၂၈ စီးဖြင့် ပြေးဆွဲပေးမည်ဖြစ်ပြီး ယာဉ်စီးခနှုန်းများမှာလည်း မူလသတ်မှတ်စီးခနှုန်းအတိုင်းသာဖြစ်ကြောင်း ပါရှိသည်။

ရန်ကုန်မြို့တော်အတွင်း ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်ယာဉ်လိုင်းများဖြစ်သည့် ရွှေညှော့်သည်၊ မြို့တော်စည်ပင်လိုင်း၊ ရွှေအင်း၀၊ စစ်မှုထမ်းဟောင်း (အတွင်း/အပြင်)၊ ဂျီအီးစီ၊ မြန်မာ့သားကောင်း ယာဉ်လိုင်းတို့သည် သင်္ကြန်အကြိုရက် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ လည်းကောင်း၊ ဗန္ဓုလ(ပါရမီ)ယာဉ်လိုင်းမှာ သင်္ကြန်အကျရက် ဧပြီ ၁၄ ရက်မှ သင်္ကြန်အတက်ရက် ဧပြီ ၁၆ ရက်အထိ ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်လိုင်းများအားလုံး(မြို့တွင်း)နှင့် အဝေးပြေးယာဉ်လိုင်းများ ဧပြီ ၁၇ (မြန်မာနှစ်ဆန်းတစ်ရက်)တွင် အားလုံးပြန်လည်ထွက်မည် ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ရက်များအတွင်း မထသ ယာဉ်များ စနစ်တကျစည်းကမ်းရှိစွာ ပြေးဆွဲနိုင်ရေးအတွက် ဌာနခွဲမှူးများ ကတာဝန်မှူးအဖြစ် မထသ (ဗဟို) တွင် ရုံးဖွင့်ထားမည်ဖြစ်ပြီး လိုင်းများတွင်လည်း ကွင်းဆင်းကြီးကြပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်စီးခ ပိုတောင်းခြင်းအပါအဝင် ယာဉ်စည်းကမ်း ၁၃၈ ချက်ဖြင့် ထိန်းသိမ်းသွားမည်ဟု သိရသည်။ ယာဉ်များစည်းကမ်းဖောက်ဖျက်ပါက မထသ(ဗဟို)အနေဖြင့် အရေးယူသွားမည် ဖြစ်သကဲ့သို့ သက်ဆိုင်ရာ ယာဉ်ထိန်းရဲများကလည်း ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မထသမှ တာဝန်ရှိသူတစ်ဦးက ထိုတွေ့ဆုံပွဲ၌ ပြောကြားခဲ့သည်။

သင်္ကြန်ရက်အတွင်းတွင်လည်း ပုံမှန်အလုပ်ဆင်းရသော ဌာနတစ်ခုမှ လုံခြုံရေးမှူး ဦးရဲဆွေက "မထသကတော့ ပြောတာပဲ။ ယာဉ်စီးခကတော့

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပိုယူတာပါပဲ။ တာဝန်ရှိတဲ့သူဆိုတာကလည်း သင်္ကြန်ရက်ထဲထွက်တဲ့ယာဉ်လိုင်းတိုင်း ယာဉ်တိုင်းကို ဘယ်လိုထောင့်စေ့အောင်စစ်နိုင်မှာလဲ။ တိုင်တော့လဲအရေးယူမှာပေါ့။ ဒါပေမယ့် သင်္ကြန်ရက်ထဲဆိုတော့ ကားတွေက ထွက်ပေးတာကိုပဲ ကြံဖန်ပြီး ကျေးဇူးတင်ရမလိုပါပဲ" ဟု သုံးသပ်ပြောကြားခဲ့သည်။

နိုင်ငံပိုင် မီဒီယာသတင်းစာများတွင် ရေးသားသော သတင်းထောက်တစ်ဦးက "မြို့တွင်းသတင်းဖြစ်မယ့်နေရာဆို တစ်ဖြတ်ဆင်း တစ်ဖြတ်ဆင်းနဲ့ ကားခအတော်ထိတာ၊ သင်္ကြန်တွင်းဆိုတော့လည်း အထူးဈေးဖြစ်နေတာ၊ ပြန်ပြောတဲ့သူတောင် ဒီလူဘယ်တောကလည်းဆိုတဲ့အကြည့်နဲ့ ဝိုင်းကြည့်ခံရတာဗျ"ဟု အတွေ့အကြုံတစ်ရပ်ကို ပြောပြပါသည်။ ထိန်းသိမ်းရမည့် တာဝန်မှာ တာဝန်ရှိ မထသမှ လူကြီးများနှင့် ကြီးကြပ်ဝန်ထမ်းများသာ ဖြစ်ပါသည်။ မီဒီယာအခန်းကဏ္ဍမှလည်း သတင်းပေးပို့ခြင်းဖြင့် ထိန်းကျောင်းပေးကြပါဟူသော မထသ (ဗဟို) ဥက္ကဋ္ဌ၏ ပြောစကားက ထိရောက်နိုင်စွမ်းရှိသော စည်းကမ်းထိန်းသိမ်းပေးမှုတစ်ရပ် ဖြစ်လာနိုင်သည့်အတွက် ထိုဆွေးနွေးပွဲသို့ မတက်ရောက်နိုင်သော မီဒီယာများသို့ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် လက်ဆောင်ပါးလိုက်ရပါသည်။

ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

မော်လမြိုင်ကျွန်း ဧပြီ ၆

မော်လမြိုင်ကျွန်းမြို့နယ် ဆင်ချောင်းကျေးရွာအုပ်စု ကညင်ချောင်းကျေးရွာ ဒို့အင်အားကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၃ ရက် နံနက် ၈ နာရီ မိနစ် ၄၀ က ကညင်ချောင်းကျေးရွာ ဝိသုဒ္ဓါရာမကျောင်းတိုက် ဝင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ယာယီဦးစီးမှူး ဦးမြင့်လှိုင်၊ ခတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)နှင့် ဆင်ချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဒို့အင်အားကျေးလက်စာကြည့်တိုက်ကို ကညင်ချောင်းကျေးရွာ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဥတ္တရနှင့် ကျေးရွာအလှူရှင်များက စုပေါင်းလှူဒါန်း ငွေကျပ်ငါးသိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ၁၈ ပေ၊ အနံ ၁၈ ပေရှိသော သွပ်မိုးသစ်ကာ အဆောက်အအုံဖြစ်ကြောင်း သိရသည်။

(၀၆၅)

ပဲခူးမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ပဲခူး ဧပြီ ၆

ပဲခူးမြို့ပေါ်ရှိ ဗလီနှင့် ဝတ်ပြုစာသင်ကျောင်းများတွင် မီးလောင်မှုမဖြစ်ပွားစေရေးနှင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်ရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းကို ဧပြီ ၂ ရက်တွင် ပဲခူးခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအေးမြင့်သည် ပဲခူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနှင့်အတူ သွားရောက်ပြီး ပဲခူးမြို့ပေါ်ရှိ ဗလီနှင့်ဝတ်ပြုစာသင်ကျောင်းငါးခု၏ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးပြီး မီးအားမြင့်စက်များမှ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်ရမည့် အချက်များ အရေးပေါ် လွတ်မြောက်ပေါက်များ ထားရှိရန်နှင့် မီးလောင်မှုဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် မီးသတ်စခန်းများ၏ အရေးပေါ်တယ်လီဖုန်းနံပါတ်များ ရေးသားထားရန် အကြံပြုခဲ့ကြောင်း သတင်းရရှိသည်။

(သန့်စင်)

လှပရောင်စုံမြို့တော်ရန်ကုန်ဓာတ်ပုံပြပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသော လှပရောင်စုံမြို့တော်ရန်ကုန်ဓာတ်ပုံပြပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၃ ရက် ညနေ ၃ နာရီခွဲက ရန်ကုန်မြို့တော်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဦးတင်မြင့် (စစ်ငြိမ်းပန်း)တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆုရဓာတ်ပုံများနှင့်ပြိုင်ပွဲဝင်ဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ရန်ကုန်မြို့တော်ဝန်၊ ကော်မတီအတွင်းရေးမှူး ဦးကျော်စိုးနှင့်ကော်မတီဝင်များက ဖွံ့ဖြိုးစည်ပင်မြို့တော်တစ်ခွင် ဓာတ်ပုံပြိုင်ပွဲနှင့် ရှုဖွယ်စုံလင် မြို့တော်တစ်ခွင်ဓာတ်ပုံပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ကြည့်ရှုလေ့လာ

အဆိုပါ ဆုရဓာတ်ပုံများနှင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဧပြီ ၅ ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့တော်ခန်းမ၌ ခင်းကျင်းပြသထားမည်ဖြစ်ရာ ရပ်ကွက်ရှင်လူပြည်သူများ ရန်ကုန်မြို့တော်ခန်းမရှိ လုံခြုံရေးဂိတ်တွင် ဝင်ခွင့်ကတ်ပြားများ ထုတ်ယူ၍ အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့်အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

ကလေးသူငယ်ကာကွယ်ရေး ဟောပြောပွဲများ ပြုလုပ်

စစ်တွေ ဧပြီ ၆

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ယူနီဆက်(ဖ်)အဖွဲ့တို့ ပူးပေါင်း၍ ကလေးသူငယ်ကာကွယ်ရေး စီမံချက်(Child Protectiion Project)လုပ်ငန်းဟောပြောပွဲများကို စစ်တွေမြို့ရှိ ကျေးရွာရပ်ကွက်များ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့အနေနဲ့ ရပ်ကွက်၊ ကျေးရွာအထိသွားရောက်ပြီး ပြည်သူတွေနဲ့တွေ့ဆုံပြီးတော့ ကလေးသူငယ်တွေကို ဘေးအန္တရာယ်ပေါင်းစုံက လွတ်အောင်ကာကွယ်ဖို့ အကယ်၍ အန္တရာယ်တွေကြုံတွေ့လာရင် အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ပြီး ပူးပေါင်းကာကွယ်ပေးသွားရန်၊ အနာဂတ်မျိုးဆက်တွေဖြစ်တဲ့ ကလေးသူငယ်တွေကို ပြုစုပျိုးထောင်တဲ့နေရာမှာ ကလေးသူငယ်ကာကွယ်ရေးနဲ့ပတ်သက်တာတွေကို ယူနီဆက်(ဖ်) နဲ့ပူးပေါင်းပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု စစ်တွေမြို့နယ် ကြက်ခြေနီအဖွဲ့မှ လက်ထောက်ဒေါ်မြတ်မြတ်လှိုင်က ပြောကြားသည်။

စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်၌ ကလေးသူငယ်ကာကွယ်ရေးစီမံချက် ဟောပြောပွဲကို ယင်းရပ်ကွက်ရှိ အလက(၈)အစည်းအဝေးခန်းမ၌ ဧပြီ ၄ ရက်က ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးပွဲလှအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး စစ်တွေမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒေါ်မြတ်မြတ်လှိုင်က ကလေးသူငယ်ကာကွယ်ရေးစီမံချက်ဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဖြေကြားပြီးအမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရှိရသည်။

စောလွင်(စစ်တွေ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၂၅၈၇၁(Kenbo) ယာဉ်လက်ဝယ်ရှိသူ ဦးအိန္ဒဇော် ၉/မမန(နိုင်)၀၈၄၆၅၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၃၁၁၉၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြင့် ၅/တမန(နိုင်)၀၃၃၀၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ ကလေးမြို့

ပြောင်းလဲခေါ်ပါရန်

ဦးလှအောင်၏သား အင်္ဂလိပ်စာ ပထမနှစ်(အဝေးသင်)မှ မောင်ဟန်ထွန်းဇော်အား ခန့်ကျော်ဇင်၊ အထက(၂) မင်္ဂလာဒုံ G-8 (A)မှ မောင်မင်းသိမ်းကျော်အား အောင်ကောင်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၈၇၁၀ ဟွန်ဒါဒရင်း(မ်) 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်းအောင် ၁၀/သဖရ(နိုင်)၀၈၁၆၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂ဈေး၊ မြေကွက်အမှတ် ပဥ္စမတန်းစား-၁၄၊ မြေကွက်တည်နေရာအမှတ် ၉/၁၁၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်တင်လှိုင် အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်လှိုင် ကွယ်လွန်သဖြင့် ဦးဘတိုး ၁၂/မဂတ(နိုင်)၀၄၇၇၇၁ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ဦးကြည်ဝင်း၏သား လှည်းကူး၊ အထက (ခွဲ)၊ မြို့မ အဌမတန်း (B)မှ မောင်ငွန်းပဲန်လျှန်းအား မောင်ထွန်းဝင်းနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ထွန်းဝင်းနိုင်

အမည်ပြောင်း

အမှတ် ၈၀၊ ၁၆၆လမ်း၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဦးသူဇော်-ဒေါ်ယဉ်ယဉ်ခိုင်တို့၏သမီး မလင်းရတနာခိုင်အား မရေဝတီခင်ဟု ပြောင်းလဲခေါ်ပါရန်။

မရေဝတီခင်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၄၇၁၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြင့် ၅/တမန(နိုင်) ၀၃၃၀၂၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ ကလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၄၅၃၇ Toyota Corolla CE 96 S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမော် ၁၂/ဗဟန(နိုင်)၀၄၂၄၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၄၁၃/က၊ မြေကွက်တည်နေရာအမှတ် ၄၁၃/က၊ အင်း၀ ၄လမ်း၊ ၆ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကျော်လှိုင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်လှိုင် ကွယ်လွန်သဖြင့် ဒေါ်တင်တင်ရွှေ ၁၂/ဥကတ(နိုင်)၀၅၂၂၂၃ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မသက်ဆိုင်ပါကြောင်း

ကျွန်မ မဝိုင်းမို့မို့ကျော် ၈/မကန(နိုင်)၁၇၇၈၂၅နှင့် ကိုကျော်ဇင်ဝင်း ၁၂/မရက(နိုင်)၁၂၉၅၈၁တို့သည် ၁၅-၁-၂၀၀၉ရက်တွင် လက်ထပ်ခဲ့ပြီး ၂-၇-၂၀၁၀ရက်တွင် သားတစ်ယောက်ထွန်းကားခဲ့ပါသည်။ အိမ်ထောင်သက်အတွင်း ကျွန်မအား ကိုယ်စိတ်နှလုံးဆင်းရဲစေရန် အမျိုးမျိုးပြုမူပြောဆိုပါသဖြင့် ၁၃-၈-၂၀၁၀ရက်မှစ၍ သီးခြားနေထိုင်သည့်အပြင် ယနေ့အထိ ထောက်ပံ့ဆက်သွယ်ခြင်းလုံးဝမရှိပါသဖြင့် ခင်ပွန်းအဖြစ်မှ လုံးဝမသက်ဆိုင်တော့ကြောင်း ကြေညာအပ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၃၁ယ/၉၅၂၁၅ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဦး ၁၂/ဒလန(နိုင်)၀၀၀၈၈၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၉၂၂၆၃ Honda Dream125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းညွန့်ဝေ ၁၃/ညရန(နိုင်)၀၀၆၅၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၈ယ/၄၂၃၀၅ JML ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်အေး ၁၃/တကန(နိုင်)၀၃၅၃၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ကြော်ငြာ

၂၀၁၃ ခုနှစ် ရဟန်းခံရှင်ပြုဇောတိကသင်္ကန်း၊ ပရိက္ခရာရှစ်ပါးဈေးနှုန်း

ရဟန်းတစ်ပါးအတွက် ကိုရီးယားစိုင်စိန့်ရုံသင်္ကန်း၊ ဒုကုဋ်၊ သပိတ်၊ ယပ်၊ ဝရိက္ခရာရှစ်ပါးအပြီး ၂၄၉၀၀ ကျပ်

ရန်ကုန်မြို့ပေါ်ရှိ ဇောတိကသင်္ကန်း ပင်ရင်းအရောင်းဆိုင်များ www.zawtika.com

* အခြား မည်သည့်နေရာတွင်မှ ရောင်းချခြင်း မရှိပါ *

ဇောတိကအမှတ်တံဆိပ်ပါ သင်္ကန်း၊ ပရိက္ခရာများ၏ ဈေးနှုန်းဖြစ်ပါသည်။ (ပုံသေဈေးနှုန်း)

ဇောတိက သင်္ကန်း

HOT - LINE 01-370792

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း (၇-၄-၁၉၆၃ မှ ၇-၄-၂၀၁၃)

တုန့်ပြန်လို့မမီတဲ့ မေတ္တာတွေနဲ့ သားသမီးတွေအပေါ် အရိပ်တွေပေး၊ ကျွေးမွေးခဲ့တဲ့ချစ်ပါပါ ဟာဂျီ ဦးမောင်မောင်သန်းနှင့် ချစ်မာမာ ဟာဂျီမ ဒေါ်ခင်လှသိန်း တို့၏ ၇-၄-၂၀၁၃ ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာမှ သက်ဆုံးတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး သားသမီးမြေးများနှင့်အတူ ပျော်ရွှင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားသမီးများနှင့်မြေးများ

SKY RAY Travels & Tours

Apr -13	[illegible]	140,000/-
Apr -13	[illegible]	160,000/-
Apr -13	[illegible]	290,000/-

Tel : 09-421000523, 09-421000524, 09-448008610

ယာဉ်မောင်းနှစ်ဦးအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားမည်)

ယာဉ်မောင်းလိုင်စင်(င)လိုင်စင်ရှိရမည်။ (၂)တန်ယာဉ်နှင့် ပုံးကားများမောင်းနှင်နိုင်ရမည်။ အသက်(၃၅-၄၅)နှစ်အတွင်း၊ ကျန်းမာရေးကောင်းမွန်၍ အတွေ့အကြုံရှိပြီး ကျွမ်းကျင်စွာ မောင်းနှင်တတ်သူဖြစ်ရမည်။ တက္ကသိုလ်ဝင်တန်းနှင့်အထက် ဘွဲ့ရများ ဦးစားပေးမည်။ ကျန်းမာရေးအတွက် ဆေးစစ်ခြင်း ခံယူနိုင်ရမည်။ စားသောက်ရေးကုမ္ပဏီက တာဝန်ယူမည်။ အချိန်ပိုကြေးရှိသည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ် ပြည့်စုံစွာဖော်ပြ၍ တစ်လအတွင်း ရိုက်ကူးထားသော ၄×၆ လက်မဆိုဒ် မတ်ရပ်ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာရေးထောက်ခံစာ၊ သက်ဆိုင်ရာရပ်ကွက်မှ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ရဲစခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မျှော်မှန်းလစာတို့နှင့်အတူ ၈-၅-၂၀၁၃ ရက် နောက်ဆုံးထား၍ စာတိုက်သေတ္တာအမှတ်(၆၄၂)၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။ လူတွေ့စစ်ဆေးမည့်နေ့ရက်နှင့်အချိန်ကို ဆက်သွယ်အကြောင်းကြားပါမည်။

Myanmar -Korea IT Center ၌ သင်တန်းများဖွင့်မည်

MCF

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် Korea Aerospace University တို့ပူးပေါင်းဆောင်ရွက်နေသော Myanmar -Korea IT Center ကို ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင်စတင်ခဲ့ပြီး Industry တွင် လက်တွေ့အသုံးချနိုင်သော သင်တန်းများ ပို့ချလျှက်ရှိပါသည်။

1. Mobile Application Development Course (ဧပြီ ၂၅ ရက်မှ မေ ၂၃ ရက်အထိ)
   KAU မှ Mr. SHIN,DONG CHUL က သင်တန်းပို့ချမည်။
2. Database Management With SQL Server Course (မေ၁၃ ရက်မှ ဇွန် ၁၀ ရက်အထိ)
   KAU မှ Ms. Park, HYO SOON က သင်တန်းပို့ချမည်။

သင်တန်းများကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ MICT Park အဆောင်(၁)ရှိ Myanmar-Korea IT Center ၌ သင်ကြားပို့ချမည်ဖြစ်သည်။ ဆက်သွယ်ရန်ဖုန်း-၀၁-၆၅၂၃၀၇၊ ၀၉-၇၃၂၅၇၃၇၇

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
စလင်းမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၈ နှင့် ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်(၂၆)

ဦးစန်းအောင် **နှင့်** ၁။ ဦးဝင်းမြင့်အောင်
၂။ ဒေါ်လွင်လွင်မာ

တရားနိုင် **တရားရှုံးများ**

ဦးဝင်းမြင့်အောင်နှင့် ဒေါ်လွင်လွင်မာ၊ ကောင်းထက်ဟိန်းပွဲရုံလုပ်ငန်း၊ ကျောင်းကြားရပ်၊ စလင်းမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်(၈)တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစန်းအောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ်၊ဧပြီ ၂၄ ရက် မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် မတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်မင်းထွဋ်
မြို့နယ်တရားသူကြီး
စလင်းမြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
စလင်းမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉ နှင့် ဆက်သွယ်သည့်
၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်(၂၈)

ဒေါ်စိန်ငွေး **နှင့်** ၁။ ဦးဝင်းမြင့်အောင်
၂။ ဒေါ်လွင်လွင်မာ

တရားနိုင် **တရားရှုံးများ**

ဦးဝင်းမြင့်အောင်နှင့် ဒေါ်လွင်လွင်မာ၊ ကောင်းထက်ဟိန်းပွဲရုံလုပ်ငန်း၊ ကျောင်းကြားရပ်၊ စလင်းမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်(၉)တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်စိန်ငွေးကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့် ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ်၊ ဧပြီ ၂၄ ရက် မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် မတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်မင်းထွဋ်
မြို့နယ်တရားသူကြီး
စလင်းမြို့နယ်တရားရုံး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၂၂)၊ဧရိယာ ၁၁၃၅၃ စတုရန်းပေ၊ မြေကွက်အမှတ် ၂၃၊ ဧရိယာ ၈၉၂၃ စတုရန်းပေ အသီးသီးရှိ မြေကွက်နှစ်ကွက်နှင့် စပ်လျဉ်း၍ ပိုင်ရှင် ဦးစန်းယု [အဘ-ဦးကြည်(ခ)ဦးအင်လိန်ကီး]LMDW -၀၀၄၂၂၈၊ ၁၂/လမတ(နိုင်)၀၃၀၂၉၀ထံမှ ၂-၄-၂၀၁၃ရက်စွဲပါ နှစ်ဖက်သဘောတူ ကတိစာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက လွှဲပြောင်းရယူခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုကြောင်း ပြောဆိုလိုသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းနိုင်
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၇/(လေးလွှာ)၊ မလွှကုန်းလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊တာမွေမြို့နယ်၊
ဖုန်း-၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၅၅၅၇၀

အများသိစေရန်နှင့်သက်ဆိုင်သူများသို့ သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၁၀ ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၈၆ နေ ဒေါ်မေပုလဲ ၁၂/ဗတထ(နိုင်)၀၀၈၆၅၃၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေပုလဲသည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်သော ဦးစံသိန်း၊ ဒေါ်ခင်ထားရီတို့၏ သမီးဖြစ်ပြီး ၂၀၀၆ခုနှစ်တွင် အဘိဓမ္မာ(ရိုးရိုး)၊ ၂၀၀၇ ခုနှစ်တွင် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) (ရန်ကုန်တိုင်းဒေသကြီး-ပထမဆု)၊၂၀၀၈ ခုနှစ်တွင် ဝိသုဒ္ဓိမဂ်(ပ-ဒု) မာတိကာကျမ်း၊ ၂၀၀၉ ခုနှစ်တွင် ဝိသုဒ္ဓိမဂ်(ပ-ဒု-တ) ပဋ္ဌာန်း(ပစ္စယဝါရ)၊ ဓာတုကထာ(၁)/(၂)၊ ပဋ္ဌာန်း(ဆဝါရ)၊ ၂၀၁၀ ခုနှစ်တွင် ပဋ္ဌာန်း (ပစ္စယဝါရ) သချာ(၁)၊ ပဋ္ဌာန်း(ဆဝါရ)သချာ၊ မူလခန္ဓ(မယက)၊ ၂၀၁၁ ခုနှစ်တွင် သစ္စာယမက နိဒါနသံယုတ်၊ ၂၀၁၂ ခုနှစ်တွင် ဣန္ဒြိယ ယမက ခန္ဓဝဂ္ဂသံယုတ်၊ ၂၀၁၃ ခုနှစ်တွင် အနုသယယမက၊ အာယတန ယမက အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ တက္ကသိုလ်(I.I.A)မှ ၂၂-၃-၂၀၁၃ ရက်တွင် အဘိဓမ္မရေဘွဲ့နှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ၂၄-၃-၂၀၁၃ ရက်တွင် ဗုဒ္ဓဒေသနာပါဒက(ဒီပလိုမာ)များ ရရှိခဲ့သူဖြစ်ပါသည်။ ဒေါ်မေပုလဲ၏ ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းစေသော အရေးအသားများ၊ ဓာတ်ပုံများဖြင့်လည်းကောင်း၊ Face Book စာမျက်နှာများတွင်လည်းကောင်း၊ လက်ကမ်းစာများဖြန့်ဝေခြင်းဖြင့်လည်းကောင်း ပြုလုပ်နေကြောင်း တွေ့ရှိရသဖြင့် ထိုသို့ပြုလုပ်နေခြင်းများကို ဆက်လက်မပြုလုပ်ရန်နှင့် ဆက်လက်ပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ ဖော်ထုတ်၍တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများသို့ သတိပေးကြေညာအပ်ပါသည်။

ဒေါ်မေပုလဲ ၁၂/ဗတထ(နိုင်)၀၀၈၆၅၃ ၏ လွှဲအပ်ညွှန်ကြားချက်များအရ-
ဦးစိုင်းအောင်ခင် (စဉ်-၃၈၂၆/၈၆) တရားလွှတ်တော်ရှေ့နေ
ရုံးအမှတ်-၉၊ အမှတ်-၅၀၊ (ပထမထပ်)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
စလင်းမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၀ နှင့် ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်(၂၇)

ဦးဖိုးအောင် **နှင့်** ၁။ ဦးဝင်းမြင့်အောင်
၂။ ဒေါ်လွင်လွင်မာ

တရားနိုင် **တရားရှုံးများ**

ဦးဝင်းမြင့်အောင်နှင့် ဒေါ်လွင်လွင်မာ၊ ကောင်းထက်ဟိန်းပွဲရုံလုပ်ငန်း၊ ကျောင်းကြားရပ်၊ စလင်းမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၀)တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးဖိုးအောင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့် ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ်၊ဧပြီ ၂၄ ရက် မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် မတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်မင်းထွဋ်
မြို့နယ်တရားသူကြီး
စလင်းမြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
စလင်းမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၁ နှင့် ဆက်သွယ်သည့်
၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်(၂၉)

ဦးအောင်မျိုးသူ **နှင့်** ၁။ ဦးဝင်းမြင့်အောင်
၂။ ဒေါ်လွင်လွင်မာ

တရားနိုင် **တရားရှုံးများ**

ဦးဝင်းမြင့်အောင်နှင့် ဒေါ်လွင်လွင်မာ ကောင်းထက်ဟိန်းပွဲရုံလုပ်ငန်း၊ ကျောင်းကြားရပ်၊ စလင်းမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်(၁၁)တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးအောင်မျိုးသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့် ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၄ ရက် မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် မတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်မင်းထွဋ်
မြို့နယ်တရားသူကြီး
စလင်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်စုကြီးစုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေကွက်အမှတ် ၉၈၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ မြေကွက်မှာ ဦးတင်ဆန်း (ဘ)ဦးတင်ငွေအမည်ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဗိုလ်မှူးကြီးကျော်စွာဦးမှ အထက်ဖော်ပြပါ မြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှု ဆိုင်ရာကိစ္စများ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၂၈ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်တင်တင်မူ (ဘ) ဦးဘမြိုင်
၁၂/မဘန(နိုင်)၀၁၈၉၉၇
အမှတ် ၉၊ လေးလွှာ၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်းမြောက်၊ စမ်းချောင်းမြို့နယ်

ကြော်ငြာ

သာသနာရေးဗိဓာန်းစေဒီ သမ္မတ ရှင်ပြု ရဟန်းခံ သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

သမ္မတ ဆိုင်များအားလုံးတွင် စျေးနှုန်းတစ်ပြေးညီ လက်လီ / လက်ကား ဝယ်ယူရရှိနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်းနှင့် ရွှေဂုံ(လင့်လမ်း)ထောင့်ရှိ ဧရိယာ ၂ ဒသမ ၂၀၇ဧကကျယ်ဝန်းသော ရွှေဂုံအိမ်ရာစခန်းအား ခေတ်မီမြို့ပြဖွံ့ဖြိုးရေးအိမ်ရာစီမံကိန်းအဖြစ် ပြန်လည်ဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအတွက် ပြည်တွင်း နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၃၀-၄-၂၀၁၃ ရက်နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို ရုံးအမှတ် (၄၀)၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းကြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၂၀၃၁၂နှင့် ၀၆၇-၄၀၇၅၄၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

တင်ဒါရွေးချယ်ရေး ဦးစီးကော်မတီ

ဂုဏ်ယူဝမ်းမြောက်ခြင်း

အန်တီ ယဉ်ဝေလွင် (ယဉ်ဝေလွင်-ပြည်) (ဆရာဦးစိန်ခိုဆေးတိုက်နှင့် ဆရာဦးစိန်ခိုဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ ပြည်မြို့)အား ၂၀-၃-၂၀၁၃ရက်တွင် အိန္ဒိယနိုင်ငံ KOLKATA (I.B.A.M) မှ Ph.D (A.M) ဘွဲ့ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် အန်တီယခုထက်ပို၍ အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်တူမများ-

မသန်းသန်းဦး	**မဆုမြတ်မွန်**
မမြင့်မြင့်စန်း(မီးမီး)	**မဆုမြတ်နိုင်**
မမိုမိုကို	**မအေးနီလာ**

OASIS

Ph:09-5038618, 09-73242469, 09-73103031

ပျောက်ဆုံးကြောင်း

ကျွန်တော် စည်သူအောင် ၁၂/မရက(နိုင်) ၀၀၄၅၂၈ ၏ သင်္ဘောသားလက်မှတ် BST/ EDH / W/K / TF/SSA PSC&RB လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၀၀၄၇၃

ပျောက်ဆုံး

ဦးသီဟဝံသ ၁၀/ရမန(သ) ၀၀၂၇၃၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် ၉၉၉၉၉၉ ပျောက်သွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၂၈၈၂၇

မေတ္တာရပ်ခံချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တွင်း၌ ယာဉ်ရပ်နားကန့်သတ်ဇုန်ဖြင့် ယာဉ်ရပ်နားခကောက်ခံခြင်း၊ မြို့နယ်အချို့တွင် ယာဉ်စောင့်လုပ်ငန်းကောက်ခံခြင်းနှင့် ပုဂ္ဂလိကအိမ်ခန်းများရှေ့တွင် အခွန်ပေးဆောင်၍ ကိုယ်ပိုင်ယာဉ်ရပ်နားရန်နေရာများ ခွင့်ပြုပေးခြင်းတို့ကို ၂၀၁၃ခုနှစ် မတ် ၃၁ရက်အထိ ခွင့်ပြုပေးခဲ့ပါသည်။

၂။ ယခုအခါ ရန်ကုန်မြို့တွင် တိုးတက်များပြားလာသည့် ယာဉ်စီးရေများကြောင့် ယာဉ်ကြောကျပ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့်အပြင် အသုံးပြုသူအချို့၏ စည်းကမ်းမဲ့စွာရပ်နားခြင်းများကြောင့် လမ်းနယ်နိမိတ်အား အပြည့်အဝအသုံးပြုမရသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့နယ်အသီးသီးတွင် မြေနေရာရရှိမှုအပေါ်မူတည်ပြီး ယာဉ်ရပ်နားရန်နေရာများ တိုးချဲ့ဖော်ထုတ်ပေးလျက် ရှိသည့်အပြင် ၂၀၁၃ ခုနှစ် ဧပြီ ၁ရက်မှစ၍ ယာဉ်ရပ်နား ကန့်သတ်ဇုန်ဖြင့် ယာဉ်ရပ်နားခကောက်ခံခြင်း၊ ယာဉ်စောင့်လုပ်ငန်းအဖြစ်ကောက်ခံခြင်းနှင့် ကိုယ်ပိုင်ယာဉ်ရပ်နားနေရာများအဖြစ် ရယူထားခြင်းတို့ကို အားလုံးဖျက်သိမ်းပြီး အများပြည်သူ မည်သူမဆို အခမဲ့ယာဉ်ရပ်နားရန် နေရာများအဖြစ် အသုံးပြုရန် ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ မော်တော်ယာဉ်အသုံးပြုသူများအနေဖြင့် ယာဉ်ရပ်နားရာတွင် မိမိတစ်ဦးတည်းအဆင်ပြေစေရန်အပြင် ကျန်အသုံးပြုလိုသူများအားလုံး အဆင်ပြေချောမွေ့စွာ ရပ်နားနိုင်ရေးအတွက် စည်းကမ်းစနစ်တကျ အသုံးပြုခြင်းဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကမ်းနားလမ်းသစ်အား ဖြတ်သန်းသွားလာမည့် ယာဉ်များအတွက် လမ်းအသုံးပြုခအား ၂၀၁၃ခုနှစ် ဧပြီ ၁ရက်မှစ၍ အောက်ပါနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ပါသည်။

(က) ၁၄ ပေနှင့်အောက် ယာဉ်များ ၁၅၀၀/-နှုန်း

(ခ) တန် ၂၀နှင့်အထက် ကုန်တင်ယာဉ်များ ၄၀၀၀/-နှုန်း

၂။ အထက်ပါအတိုင်း ကောက်ခံခြင်းသည် နံနက် ၆နာရီမှ နောက်တစ်နေ့နံနက် ၆ နာရီအထိ ၂၄း၀၀ နာရီအချိန်အတွင်း ယာဉ်တစ်စီးလျှင် (၁)ကြိမ်သာ ကောက်ခံမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ကျော်မင်းအောင် ၁၂/လသယ(နိုင်)၀၄၂၆၀၁၈၏ နိုင်ငံကူးအမှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၇၃၀၅၈၆၈၀

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း
အထူးစီမံကိန်းကြီးအဖွဲ့(၅)
ရန်ကုန်တိုင်းဒေသကြီး

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်လျက်ရှိသည့် မြစ်ကျောက်စရစ် (မီးကျောင်းရဲ)များကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

(က). မြစ်ကျောက်စရစ် (မီးကျောင်းရဲ) ၅၀၀၀ ကျင်း

တင်ဒါတင်သွင်းရမည့်နေ့ရက်	(၈. ၄. ၂၀၁၃) မှ (၂၅. ၄. ၂၀၁၃)ထိ
တင်ဒါတင်သွင်းရမည့်အချိန်	နံနက် (၉ း ၃၀)နာရီမှ ညနေ (၄ း ၃၀)နာရီထိ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေ့ရက်	(၂၆. ၄. ၂၀၁၃)
တင်ဒါစိစစ်ရွေးချယ်ရမည့်အချိန်	(၁၃ း ၀၀)နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ	ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်းရုံး မရမ်းကုန်းမြို့နယ်။

တင်ဒါလျှောက်လွှာပုံစံများကို နေ့စဉ် လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။

ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း

ကလောမြို့နယ်၊ သမဝါယမဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကလောမြို့နယ်၊ ဂျီအီးစီ(ပညာရေး) သမဝါယမအသင်း(လီမိတက်)၏ (BLAC)ကား၊ ၈က/၁၅၁၄အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

(က) **ယာဉ်အမျိုးအစား** - လိုက်ထရပ် (4x2)
(ခ) **အမျိုးအမည်** - ဘီဂျင်း BJ 1041 BLAC
(ဂ) **ယာဉ်အမှတ်** - ၈က/၁၅၁၄

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၄-၂၀၁၃ရက်
၃။ **တင်ဒါရောင်းချမည့်နေရာ** - ဂျီအီးစီ(ပညာရေး)သမဝါယမအသင်းလီမိတက် ကလောမြို့
၄။ **တင်ဒါပုံစံပေးသွင်းရမည့်နောက်ဆုံးရက်** - ၂၂-၄-၂၀၁၃ ရက်
၅။ **ဖွင့်လှစ်မည့်နေ့ရက်** - ၂၆-၄-၂၀၁၃ ရက်
အချိန် - နံနက် ၁၀း၃၀ နာရီ
နေရာ - မြို့နယ်သမဝါယမဦးစီးဌာနရုံး

အိတ်ဖွင့်တင်ဒါရောင်းချရေးအဖွဲ့
မြို့နယ်သမဝါယမဦးစီးဌာန
ကလောမြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ရုံးတောကျေးရွာနေ ကျွန်တော် ဦးနိုင်ထွန်း ဇနီး ဒေါ်မြသွင်တို့၏သား မောင်မင်းစိုး ၁၄/ကကန (နိုင်)၁၁၂၄၂၆ သည် မိဘတို့၏ စကားကိုနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ခွင့်မလွှတ်နိုင်အောင် ဆောင်ရွက်နေသဖြင့် ကျွန်တော် ကျွန်မတို့၏သား မောင်မင်းစိုးအား ယခုကြော်ငြာသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်မယူပါ။ ဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင်-ဦးနိုင်ထွန်း၊ မိခင်-ဒေါ်မြသွင်

လေလံကြော်ငြာ

ရက်စွဲ ၂၀၁၃ ခုနှစ် ဧပြီလ( )ရက်

စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း အကွက်(၁၃၇)၊ မြေကွက်အမှတ်(၅၅၅)၊ အကျယ်ပေ (၄၀×၆၀) (နှစ် ၆၀ ဂရန်ရပြီး)အား လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လေလံတင်ရောင်းချမည့်ရက် - ၂၆-၄-၂၀၁၃ ရက်(၁၀း၀၀ နာရီ)

လေလံတင်ရောင်းချမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ရန်ကုန်ရုံးခွဲ ၄/၄၄၄၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့

အသေးစိတ်သိရှိလိုပါက ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ ရွှေသမားရပ်၊ စစ်ကိုင်းမြို့၊ ဖုန်း-၀၇၂-၂၁၂၁၁ သို့ဖြစ်စေ၊ စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်၊ ရန်ကုန်ရုံးခွဲ ၄/၄၄၄ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၀၆၅၅ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်၊ စစ်ကိုင်းမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ နေကြာလမ်း၊ မြေကွက်အမှတ် ၃ ဒသမ ၇၄၄၁ ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဆလိုင်းဇော်ဝင်းရွှေ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင် ထားသူ ဦးဆလိုင်းဇော်ဝင်းရွှေက အထက်ဖော်ပြပါမြေကွက်အားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရီရီဝင်း ၉/ပမန(နိုင်)၀၁၁၀၄၃
အမှတ် ၇၀၄၀၊ သော်ကလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ နေကြာ ၇လမ်း၊ မြေကွက်အမှတ် ၃ ဒသမ ၇၄၄၄ ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးအောင်ဝင်း အမည်ပေါက်ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဦးအောင်ဝင်းက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရီရီဝင်း ၉/ပမန(နိုင်)၀၁၁၀၄၃
အမှတ်(၇၀၄၀)၊ သော်ကလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ အုန်းပေါက်ကျေးရွာနေ ဒေါ်ဖျိုး ၅/ရဘန(နိုင်)၀၈၉၃၄၄ ၏သား မောင်မျိုးအောင် ၅/ရဘန(နိုင်)၁၆၇၆၂၈သည် မိဘများနှင့် အစ်မများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်း။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံး၀(လုံး၀) တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်ဖျိုး

ကြော်ငြာ

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂) မိတ်ဆုံပွဲ ကြွရောက်ပါရန်

အောက်ပါအတိုင်း ကျင်းပမည်-

➤ ၂၉-၄-၂၀၁၃ ရက် အင်္ဂါနေ့ နံနက် (၀၉၀၀) နာရီ

နေ့လွမ်းဆက်တပ်ခြင်း

သံဃာတော် (၉)ပါးအား နေ့ဆွမ်းဆက်ကပ်လှူပြီးနောက် အမျှပေးဝေခြင်း

နေရာ - ပုညမိုးယာမရွှေသုဝဏ်ကျောင်းတိုက်၊ အောင်ရတနာလမ်း၊ သယ်ဇ်န်းကျွန်းမြို့နယ်။

➤ ၂၉-၄-၂၀၁၃ ရက် အင်္ဂါနေ့ ညနေ (၁၈၃၀) နာရီ

ညစာစားပွဲကျင်းပခြင်း

နေရာ - GANDAMAR WHOLE SALE အပေါ်ထပ် ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။

➤ သူငယ်ချင်းများ မိသားစုနှင့်အတူ ကြွရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဖုန်း - ၀၉ - ၅၂၁၃၀၀၄ ၊ ၀၁ - ၃၈၀၉၀၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
စစ်ကိုင်းပညာရေးတက္ကသိုလ်

မဟာပညာရေးဘွဲ့(M.Ed)သင်တန်းဝင်ခွင့် စာမေးပွဲလျှောက်လွှာခေါ်ယူခြင်း

၁။ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် မဟာပညာရေးဘွဲ့ (M.Ed)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များအလိုက် သတ်မှတ်ဦးရေအတိုင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) ပညာရေးသဘောတရား ၂၅ ဦး
(ခ) ပညာရေးစိတ်ပညာ ၂၅ ဦး
(ဂ) သင်ပြနည်း ၂၅ ဦး

၂။ လျှောက်ထားသူများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် မဟာပညာရေးဘွဲ့(M.Ed) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုရမည်။

(က) ၂-၅-၂၀၁၃ရက် (ကြာသပတေးနေ့) ၀၉:၀၀နာရီမှ ၁၂:၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်
(ခ) ၃-၅-၂၀၁၃ရက် (သောကြာနေ့) ၀၉:၀၀နာရီမှ ၁၂:၀၀နာရီ သက်ဆိုင်ရာအထူးပြုဘာသာရပ်

၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို ၁၀-၅-၂၀၁၃ ရက် (သောကြာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၄။ မဟာပညာရေးဘွဲ့(M.Ed)သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ ဖြေဆိုခွင့်လျှောက်ထားနိုင်သည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ပညာရေးဘွဲ့ရရှိ၍ မဟာပညာရေးဘွဲ့ သင်တန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။
(ဂ) ပညာရေးဝန်ကြီးဌာနတွင် ဆရာ ဆရာမ (သို့မဟုတ်) ဆရာ ဆရာမ မဟုတ်သော်လည်း သင်ကြားရေးနှင့် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူများဖြစ်၍ လုပ်သက်တစ်ဆက်တည်း(၁)နှစ်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။
(ဃ) ပညာရေးဘာသာရပ်ဆိုင်ရာ သုံးနာရီမေးခွန်းနှင့် အင်္ဂလိပ်စာ သုံးနာရီမေးခွန်းတို့ကို ရေးဖြေ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုအောင်မြင်ပါက လူတွေ့စစ်ဆေးခြင်းခံရမည်။
(င) ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်သော မဟာဒသန(ပညာရေး)ဘွဲ့ရရှိပြီး ပညာရေးဝန်ကြီးဌာနတွင် ပညာရေးဝန်ထမ်းအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ပါက ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုဘဲ တက်ရောက်နိုင်မည်ဖြစ်ပါသည်။
(စ) စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူးရုံးများနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံရယူပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ၂၅-၄-၂၀၁၃ ရက်နောက်ဆုံးထား၍ လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများတင်ပြရမည်။

(က) အမှတ်စာရင်းမူရင်းနှင့်မိတ္တူမှန်
(ခ) ဝန်ထမ်းဖြစ်ကြောင်းနှင့်လုပ်သက်မှန်ကန်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ထောက်ခံချက်
(ဂ) ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံ
(ဃ) မဟာပညာရေးဘွဲ့သင်တန်းဝင်ခွင့်စာမေးပွဲကို ဖြေဆိုခွင့်ပြုကြောင်းနှင့် ဖြေဆိုအောင်မြင်ပါက အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ထောက်ခံချက်

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ/ဌာနမှူးများထံတွင်လည်းကောင်း သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ ဌာနမှူး(သင်တန်း)နှင့် မော်ကွန်းထိန်း ဖုန်း-၀၇၂-၂၂၀၉၁တို့ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

(မောင်အေး)
မော်ကွန်းထိန်း
စစ်ကိုင်းပညာရေးတက္ကသိုလ်

KMD Quality Management System ISO 9001:2008 ထောက်ခံရ

i-Office 2010 Duration : 60 Hours

ကွန်ပျူတာပညာရပ်ကိုစတင်လေ့လာမည့်သူများ ရုံးလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းများတွင် နေ့စဉ်အသုံးပြုနေရသော Email, Internet အပါအဝင် အခြေခံကျသော ကွန်ပျူတာပညာရပ်များကို သင်ကြားပေးပါသည်။

i-Office 2010 [Advance] Duration : 60 Hours

• i-Office 2010 အဆင့်မြင့်များ
• Microsoft Office 2010 version အသစ်တို့ အဆင့်မြင့်အသုံးပြုပုံများ
• Office Application များကို ကျွမ်းကျင်စွာ အသုံးပြုနိုင်မည့်သူများ တက်ရောက်နိုင်ပါသည်။

Tel : 381035/502233/700895/524400/ 502211/ 384268/220555/541328/546600

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမြတ်ဇင် ၁၂/ကတတ(နိုင်)၀၂၀၅၂၇၏ (၄C/၇၄၈၃) ကားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၆၄၆၆၃**

ပျောက်ဆုံးကြောင်း

မထွေးရီ ၁၂/တမန(နိုင်)၀၇၆၅၃၁၏ PP No.၃၃၄၄၇၈/၀၁ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၅၉၆၉၁**

ရန်ကုန်မြို့၊ သယ်ဇ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၂)လမ်း၊ တိုက်အမှတ်(၃၂၄)၊ (၂)ခန်းတွဲ(၃၅)ထပ်၏ ဒါဘာခန်း(ညာ)တိုက်ခန်းကို ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာချက်

[illegible]

ဒေါ်လဲ့လဲ့ဝင်းဟန် (LL.B) ဒေါ်ချို့ခင်ဝင်း (LL.B)

[illegible]

ဖုန်း - ၀၉ [illegible]

တန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဖွဲ့အပ်ညွှန်ကြားချက်အရ

ဦးဇင်မင်းထိုက် LL.B, D.B.L. ဒေါ်နှင်းဝတ်ရည် LL.B

အထက်တန်းရှေ့နေ [illegible] အထက်တန်းရှေ့နေ [illegible]

[illegible]

တန့်ကွက်နိုင်ကြောင်း ကြေညာချက်

[illegible]

ဦးဝင်းထွိုင်
(၁၂/လမတ (နိုင်) ၀၀၈၉၈၅)
အမှတ် - ၂၁၅/[illegible] ရန်ကုန်မြို့

အမှတ် ၁၀၇၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၉)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေ၊ အဆောက်အအုံနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀B၊ မြေကွက်အမှတ် ၃B၊ ဧရိယာ ၀ ဒသမ ၂၃၂ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လမ်းမတော်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၁၀၇ဟုခေါ်တွင်သော နှစ်ထပ်အိမ် အဆောက်အအုံနှင့်ပတ်သက်၍ ဒေါ်မြသောင်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်မော်)မှ တရားလိုပြုလုပ်၍ ဒေါ်မြတ်ထူးကြွယ်အပေါ်တွင် ပစ္စည်းခွဲဝေပေးစေလိုမှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၂၆၃၀ဖြင့် တရားစွဲဆိုထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြသောင်း
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးခင်မော်)
၁၂/ပဇတ(နိုင်)၀၀၂၉၈၁
အမှတ် ၁၂၅၊ ၄၃ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၁၉၃

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ ခင်ပွန်း၊ ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၈)၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးမြင့်ထွန်းနှင့်ဇနီး (ဒုညွှန်ချုပ်၊ ဆည်မြောင်းဦးစီးဌာန)

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၈)၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု၊ တည်ဆောက်ရေး(၉)၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက်(၈၈)နှစ်

ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈)-ဒေါ်မိမိခိုင်တို့၏ကျေးဇူးရှင်ဖခင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြတ်အိန္ဒြေ Group of Companies မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်မင်းသန့်(ခ)ဦးလှသန်း (သာယာဝတီ)
အသက် (၇၃)နှစ်

ဒေါ်တင်မာမာလှသန်း @ Ma Sue (Director of Event Management & Corporate Sales, Kandawgyi Palace Hotel-Yangon, Aureum Palace Hotels & Resorts, Myanmar Treasure Resorts)၏ဖခင် ဦးကျော်မင်းသန့်(ခ)ဦးလှသန်းသည် ၃၁-၃-၂၀၁၃ရက် ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Kandawgyi Palace Hotel-Yangon, Aureum & Myanmar Treasure Hotels & Resorts မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမြင့်မော်-ဒေါ်မြိုင်မြိုင်ခင်တို့၏ မိခင် ဒေါ်တင်ရီသည် ၁-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုကဲ့သို့ ဝမ်းနည်းကြေကွဲရပါသည်။

တင်မောင်ကြည်-အေးကေခိုင်
ဖိုးလပြည့်၊ ဖိုးလမင်း၊ ဟတ်ချီပိုး

ဝမ်းနည်းကြေကွဲခြင်း
ဦးစန်းယု(ရုံးအုပ်)
အသက် (၅၂)နှစ်

မော်လမြိုင်မြို့၊ ကြာအင်းဆည်မြောင်းဝင်းနေ ဒေါ်ဂျက်စင်တာ၏ခင်ပွန်း၊ မောင်ဇင်မင်းထွန်း၏ဖခင်သည် ၄-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
ဆည်မြောင်းဦးစီးဌာန၊ မွန်ပြည်နယ်

ဝမ်းနည်းကြေကွဲခြင်း

ပုဇွန်တောင်မြို့နယ်၊ ကျည်တောင်ကန်မြို့နေ ဦးဇော်ခိုင် (၁၉၈၂ အထ္ထာဝါသိပ္ပံ)၏ဖခင် ဦးလှမောင်(ခ)ဦးမူဆာသည် ၂၉-၃-၂၀၁၃ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံအထ္ထာဝါသိပ္ပံအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ ဘီတွတ်ကျေးရွာ၊ ဘီတွတ်သာသနာ့ဗေယျာ မိဘမဲ့လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ မိဘမဲ့ကလေးများ၏ မိခင်ကြီးသဖွယ် ထောက်ပံ့မှုများပေးခဲ့သော ဒေါက်တာဉမ္မာသွင်သည် ၂၉-၃-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄း၂၅ နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မိဘမဲ့လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ
သားသား မီးမီးများ

ပျောက်ဆုံးကြောင်း

ဒေါ်ခင်မာလာ ၁၂/ကတတ(နိုင်)၀၁၀၄၈၁၏ PP No-၃၃၄၀၄၈/၀၁ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၈၉၅၉၄**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တနင်္သာရီတွင် မြေမြှုပ်မိုင်းများ၊ စစ်ကျန်ပေါက်ကွဲပစ္စည်းများ ထိခိုက်မှု အသိပညာ၊ သဘောထားနှင့် အမူအကျင့် စစ်တမ်းကောက်ယူရန် အလုပ်ရုံဆွေးနွေး

ထားဝယ် ဧပြီ ၆

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေမြှုပ်မိုင်းများ စစ်ကျန်ပေါက်ကွဲပစ္စည်းများနှင့် စပ်လျဉ်းသည့် ထိခိုက်မှု အသိပညာ၊ သဘောထားနှင့် အမူအကျင့်စစ်တမ်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်က မိုင်းအန္တရာယ်ရှိဒေသများတွင် နေထိုင်သည့်ကလေးသူငယ်များနှင့် ၎င်းတို့၏ မိသားစုဝင်များအကြား မိုင်းကြောင့် ထိခိုက်မှုလျော့ကျစေရန်နှင့် မိမိကိုယ်မိမိ မိုင်းအန္တရာယ်မှ ကာကွယ်နိုင်ရန် ပညာပေးလုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာန Unicef (မြန်မာ)နှင့် Danish Church Aid တို့ ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကာ မိုင်းကြောင့် ထိခိုက်မှုလျော့ကျစေရန်နှင့် အန္တရာယ်ရှိသော အမူအကျင့်များ ပြောင်းလဲရန်လိုအပ်ပါကြောင်း ပညာပေးလုပ်ငန်းများကို ဒေသဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဦးစားပေးဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ Mr.Gregory Cathcart (DCA)က လူသားချင်းစာနာမှုဆိုင်ရာ မိုင်းလုပ်ငန်း၏ အဓိက မဏ္ဍိုင်(၅)ရပ်၊ အသိပညာ သဘောထားနှင့် အမူအကျင့်ဆိုင်ရာ စစ်တမ်းကောက်ယူခြင်း၏ အခြေခံသဘောတရားများကို တက်ရောက်လာသူများ သိရှိနားလည်ရန် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက ၎င်း၏ဆွေးနွေးချက်ကို အကြံပြုဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ DCA မှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ UN/INGO/NGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(တိုင်းပြန်/ဆက်)**

ဒေသစိမ်းလန်းစိုပြည်ရေးအတွက် မျိုးပင်များ မျိုးထောင်ထား

ရေစကြို ဧပြီ ၆

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရေစကြိုမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ မြို့မမျိုးဥယျာဉ်တွင် ၂၀၁၃/၂၀၁၄ ဘဏ္ဍာရေးနှစ် ၂၀၁၃ မိုးရာသီအတွက် ဆောင်ရွက်မည့် ကျေးရွာသုံးစိုက်ခင်း ဧက ၁၃၀ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးနှင့် အခြားစိုက်ခင်း ၂၅ ဧကအတွက် လိုအပ်သောမျိုးပင် ၅၀၃၄၇၅ ပင်ကို ယူကလစ်၊ မြန်မာကုက္ကို၊ တမာ၊ မြန်မာ့ရှားတို့ဖြင့် မျိုးထောင်ထားရှိသည်။

ရှင်းလင်းပြောကြား

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာ အပင် ၂၀၊ တစ်ရွာတစ်ဧက ဘက်စုံသုံးစိုက်ခင်းများအတွက် မျိုးပင် ၂၉၀၀ မျိုးထောင်၍ စိုက်ခင်းဟောင်းများ ရှင်သန်ဖွံ့ဖြိုးစေရန်အတွက် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ပြုစုဆောင်ရွက်လျက်ရှိကြောင်း ဦးစီးအရာရှိ ဦးဝင်းအေးက ရှင်းလင်းပြောကြားသည်။

(ဖေထွဏ်းဇော်-ရေစကြို)

မြေသြဇာ၊ ပိုးသတ်ဆေးဆိုင်ရာ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများရှင်းလင်း

ကျိုင်းတုံ ဧပြီ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတုံခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေသြဇာ၊ ပိုးသတ်ဆေးဆိုင်ရာ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းပွဲ အခမ်းအနားကို မတ် ၁၇ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဖွင့်ဦးစွာ ကျိုင်းတုံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးချိုနိုင်ထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြေအသုံးချရေး တာဝန်ခံ ဦးပက်ထရစ်ပြူးက မြေသြဇာဆိုင်ရာ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၊ သီးနှံကာကွယ်ရေး တာဝန်ခံ ဦးအောင်သူက ပိုးသတ်ဆေးဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သိလိုသည့် မေးမြန်းဆွေးနွေးချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ရှင်းလင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ကျိုင်းတုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးချိုနိုင်ထွန်းက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

နဒီဇော

ကတ္တရာလမ်းခင်း

ရေး ဧပြီ ၆

မော်လမြိုင်ခရိုင် ရေးမြို့နယ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခဲ့သည့် ကတ္တရာလမ်းခင်းလမ်းများ ဆောင်ရွက်ရာ ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

မူလလမ်းအကျယ် ၁၂ ပေသာရှိခဲ့သည့် သံဖြူဇရပ်-ရေးလမ်းအပိုင်း မိုင်တိုင် ၈၅ မိုင်မှ ၉၃ မိုင် အထိ လည်းကောင်း၊ ရေး-မလွဲတောင်လမ်းအပိုင်း မိုင်တိုင် ၁၀၁ / ၆ ဖာလုံမှ မိုင်တိုင် ၁၀၄ မိုင်အထိ စုစုပေါင်း ၁၀ မိုင် ၂ ဖာလုံ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းသည် ရာနှုန်းပြည့်ပြီးစီးခဲ့ပြီး မူလ ၁၂ ပေအကျယ်ရှိ လမ်းများကို ၁၈ ပေအထိ ကတ္တရာလမ်းခင်းထွင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

နေမျိုးထွဋ်(ရေး)

ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဆင်း

ကျောက်မဲ ဧပြီ ၆

မိုးကုတ်ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ခွဲ(၆၈)မှ ဦးစီးကျင်းပသော အဆင့်မြင့်ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ဧပြီ ၃ ရက်က ကျောက်မဲမြို့ မိုးကုတ်ဝိပဿနာပြန့်ပွားရေးအဖွဲ့ခွဲ(၆၈)၌ ကျင်းပရာ ဓမ္မကထိက ဦးဖြူသာအောင်၊ ၂၀၀၉ ဝိသုဒ္ဓိမဂ် တစ်ပြည်လုံး ပထမဆုရ ဒေါ်ခင်စန်းရီနှင့် ဆရာမများက ဗုဒ္ဓစာပေ၊ ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် တရားထိုင်နည်းတို့ကို သင်ကြားပို့ချကြသည်။

ပေးအပ်ချီးမြှင့်

သင်တန်းဆင်းပွဲတွင် မိုးကုတ်ဝိပဿနာပြန့်ပွားရေးအဖွဲ့ခွဲ(၆၈) ဥက္ကဋ္ဌ ဒေါက်တာခင်စံပယ်ညိုက သင်တန်းဆင်း ထူးချွန်ဆုရရှိသူ အကြီးတန်း ခုနစ်ဦးနှင့် အငယ်တန်း ခြောက်ဦးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ ရှင်သာမဏေ ၂၂ ပါးနှင့် ကျောင်းသားကျောင်းသူ ၁၀၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက် ၂၀ ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

မလတ်(ကျောက်မဲ)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅၊ မြေကွက်အမှတ် ၂၆၇ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင် ဦးစိုးအောင် စီဂျေ-၀၃၇၈၅၈ ထံမှ အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမြကြည် B.A,R.L
တရားလွှတ်တော်ရှေ့နေ(၃၉၃၇)
အမှတ် ၁၂၇/၁၄ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၃၄၉၀၃

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၁၁၇၊ ပထမထပ်ခေါင်းရင်းခန်းအား ဒေါ်အေးအေးမာ ၁၂/ရကန(နိုင်)၀၅၃၇၄၅ထံမှ ဒေါ်မိမိ(ခ)ဒေါ်ခင်မိမိ ၁၄/ဟသတ(နိုင်)၀၅၅၄၅၄က အပြီးအပိုင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသော အခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ဒေါ်မိမိ(ခ)ဒေါ်ခင်မိမိက တူအရင်းဖြစ်သူ ကိုကျော်ကျော်ဇော်နှင့်ဇနီး ဒေါ်မီမီကျော်တို့မိသားစုသုံးဦးအား ဒေါ်မိမိ(ခ)ဒေါ်ခင်မိမိ၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ခင်မိမိ

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်လင်း
တရားလွှတ်တော်ရှေ့နေ
(စဉ်-၃၅၆၇)
ဖုန်း-၀၉-၇၃၀၂၉၅၅၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း ၄ လမ်း၊ တိုက်အမှတ် (၁၀-ဘီ)၊ မြေညီထပ်(ခြေရင်းဘက်ခြမ်း)ပေ(၁၂½×၅၀)အကျယ်အဝန်းရှိ တိုက်ခန်းအား ဦးသိန်းလွင် ၁၂/မရက(နိုင်)၀၄၃၂၄၄ (၎င်း၏ကိုယ်စားလှယ် ဒေါ်ရီရီငြိမ်း ၁၂/မရက(နိုင်)၀၄၃၁၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မျိုးထက် LL.B
အထက်တန်းရှေ့နေ
အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဆောင်းပါး

မိုဘိုင်းTeamဆောင်ရွက်မှုကြောင့် နိုင်ငံတော်အခွန်ဘဏ္ဍာငွေ တိုးမြင့်လာ

နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ မူဆယ်-မန္တလေး ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် Mobile Team လရ-၁ နှင့် မြဝတီ-ရန်ကုန် ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် Mobile Team လရ-၂ တို့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

မြဝတီ-ရန်ကုန် ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ Mobile Team လရ-၂ ၌ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဌာန ညွှန်ကြားရေးမှူးအပါအဝင် ဝန်ထမ်း ၁၈ ဦး၊ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်း ၁၂ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၂၉ ဦး၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စားလှယ် နှစ်ဦး၊ ကုန်သည်ကြီးများအသင်းကိုယ်စားလှယ် တစ်ဦး၊ သတင်းမီဒီယာများမှ နှစ်ဦး၊ ဒေသခံအလုပ်သမား ၂၀ စုစုပေါင်း ၈၄ ဦးဖြင့် နေ့ညအချိန်ပြည့် တာဝန်ထမ်းဆောင်နေကြသည်။

အဖွဲ့များက စားသုံးသူအကာအကွယ်ပေးရေး၊ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ မှန်မှန်ကန်ကန်ရရှိရေး၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်လျက်ရှိခြင်းများကို ကာကွယ်ဆောင်ရွက်လျက်ရှိသည်။

Mobile Team လရ-၂ အနေနှင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတားအဟောင်းနှင့် အသစ်ဆုံရာ ညောင်ခါးရှည်-ဒိုက်ဦးသွား မဟာဗျူဟာလမ်းဆုံတွင် ယာယီအခြေစိုက်စခန်းဖွင့်လှစ်၍ ထိုင်း-မြန်မာနယ်စပ် (မြဝတီ-မဲဆောက်ကုန်သွယ်ရေးဇုန်)မှ ရောက်ရှိလာသည့် မော်တော်ယာဉ်များ၊ မော်လမြိုင်၊ သထုံ၊ ဘီးလင်း၊ ကျိုက်ထို စသည့်မြို့များမှ ရောက်ရှိလာသည့် မော်တော်ယာဉ်မျိုးစုံတို့ကို ၂၀၁၂ နိုဝင်ဘာ ၂၁ ရက်မှ ၂၀၁၃ ဇန်နဝါရီ ၂၀ ရက်အထိ ပညာပေးကာလနှစ်လအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

Mobile Team လရ-၂ ၏ စစ်ဆေးမှုပြုလုပ်ရာ၌ နိုင်ငံတော်က ကန့်သတ်ထားသည့် အရက်၊ စီးကရက်၊ ဘီယာအမျိုးမျိုးမှလွဲ၍ ကျန်ပစ္စည်းများကို မိမိတို့လိုသလောက် တရားဝင်လိုင်စင်ပြုလုပ်၍ အခွန်ပေးဆောင်ခြင်းဖြင့် လွတ်လပ်စွာ သယ်ယူခွင့်ပြုခဲ့ပြီး ရောက်ရှိလာသည့် ဂျူတီယာဉ်ကြီးများတွင်လည်း ငါးစီးလျှင် တစ်စီးမဲနှိုက်၍ ရာနှုန်းပြည့် ဖွင့်ဖောက်စစ်ဆေးကာ ကျန်လေးစီးကို ဂျူတီစာရွက်ပေါ်တွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ကိုက်ညီမှုရှိ မရှိ စစ်ဆေးခြင်း၊ လုပ်ငန်းရှင်များ ဂျူတီစာရွက်ပေါ်တွင် အခွန်ပေးဆောင်သည့် အချက်အလက်နှင့် ယာဉ်ပေါ်၌ ပါလာသည့်ကုန်ပစ္စည်း အခြေအနေများ ကွဲလွဲမှုရှိလာပါက အပိုတင်ဆောင်လာသည့် ပစ္စည်းအားလုံးကို အကောက်ခွန်ဥပဒေနှင့်အညီ သိမ်းဆည်းခြင်းများပြုလုပ်ခဲ့သည်။

တစ်နိုင်တစ်ပိုင်သယ်ဆောင်လာကြသည့် ခရီးသည်များ၏ ပစ္စည်းများကို သိမ်းဆည်းခြင်းမပြုသော်လည်း တောင်ထန်းတင်ကားများ၊ ထုံးအိတ်တင်ကားများ၊ ကျောက်စရစ်တင်ကားများ၊ အုန်းသီးတင်ကားများနှင့် သတ္တု၊ ကုလားပဲတင်ကားများ၌ နည်းအမျိုးမျိုးဖြင့် သိုဝှက်ယူလာသည့် လိုင်စင်မဲ့ပစ္စည်းများကို သိမ်းဆည်းခဲ့သည်။

ဤသို့ သိမ်းဆည်းခဲ့သည့်အတွက် ဇန်နဝါရီ ၂၁ ရက်မှ ဧပြီ ၁ ရက်အထိ သုံးလကျော်ကာလအတွင်း Mobile Team လရ -၂ မှ နိုင်ငံတော် အခွန်ဘဏ္ဍာငွေအဖြစ် အပ်နှံပြီး ခန့်မှန်းတန်ဖိုးမှာ ၈၆၁၄၂၃၂၁၃ ကျပ်ဖြစ်ကြောင်း အဆိုပါအဖွဲ့က သိရှိရသည်။

သို့ရာတွင် စီးပွားရေးလုပ်ငန်းရှင်အချို့သည် လိုက်နာခြင်းမရှိဘဲ ကားသမားအချို့က ကားရပ်ခိုင်းသည်ကို ရပ်မပေးဘဲ မောင်းပြေးခြင်း၊ ရှောင်ပြေးလမ်းမှ ကုန်ပစ္စည်းများ သယ်ယူခြင်း Mobile Team အဖွဲ့၏ မျှတဘက်မလိုက်သည့် လုပ်ငန်းများကို နှောင့်နှေးကြန့်ကြာစေရန် ပြုလုပ်မှုများလည်း ရှိနေသေးကြောင်း သိရှိရသည်။

မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ် ရောက်ရှိလာသည့် မော်တော်ယာဉ်များကို စစ်ဆေးခဲ့ရာတွင် စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် ပုပ်သိုးလွယ်သော ကြက်အသည်းအမြစ်၊ အသားတုံး (အစို)များကို စနစ်တကျဖျက်ဆီးခဲ့ခြင်း၊ အရက်၊ ဘီယာအမျိုးမျိုးတို့ကို သိမ်းဆည်းခဲ့ခြင်း၊ အကောက်ခွန်မဲ့ လိုင်စင်မဲ့ ကန့်သတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို သိမ်းဆည်းခဲ့ခြင်းများ ပြုလုပ်ရာတွင် Mobile Team အဖွဲ့၏ ဆုံးဖြတ်ချက်များဖြင့် အဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(ဝေါ-ဝင်းမောင်)

